မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၂ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၅၃)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တောင်သူလယ်သမား အများစုနေထိုင်ကြသည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းကြီး(၅)ရပ် ချမှတ်ဆောင်ရွက်ပေးလျက်ရှိ

နိုင်ငံတော်၏ ရေ၊ မြေ၊ သဘာဝ သယံဇာတစွမ်းအားများ ဖော်ထုတ်မြှင့်တင် စိုက်ပျိုးမြေတိုးချဲ့ရေးနှင့် သီးနှံစိုက်စွမ်းအား တိုးတက်ရေး အားထုတ်ကြိုးပမ်း

နေပြည်တော် မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော ၂၀၀၉ခုနှစ် တောင်သူလယ်သမားနေ့ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

၂၀၀၉ခုနှစ် တောင်သူလယ်သမားနေ့ ရက်မြတ်အခါသမယတွင် တောင်သူလယ်သမားကြီးများအားလုံး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းကြလျက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေဟု နှုတ်ခွန်းဆက်သ အပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် မတ် ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် အပီဆစ်ဝဲချာချီဝ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး ယနေ့ညနေ ၄နာရီတွင် အထူးလေယာဉ်ဖြင့် ပြန်လည် ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

စာမျက်နှာ ၄ ကော်လံ ၁ ❒

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

၂၀၀၉ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

2-3 (01).pmd 1 3/2/2009, 2:47 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် မတ် ၂ ရက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး လမ်းပန်းဆက်သွယ်မှု တိုးမြှင့်ဖော်ဆောင် ပြည်ထောင်စုဖွားတိုင်းရင်းသားများ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်ကျည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဖောက်လုပ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးသည် ကာကွယ်ရေးဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပသော ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးလုပ်ငန်းကော်မတီ(၁/၂၀၀၉) အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် နေပြည်တော်ကို ဗဟိုပြု၍ ပြည်နယ်နှင့်တိုင်းအသီးသီးသို့ လွယ်ကူစွာ သွားလာနိုင်ရန်နှင့် စီမံခန့်ခွဲမှုကိစ္စရပ်များ သွက်လက်လျင်မြန်စွာဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ဖောက်လုပ်လျက်ရှိသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးစီမံကိန်းဖြစ်သော ရန်ကုန်အမှတ်(၃)လမ်းမကြီးမှ မန္တလေး စကားအင်းအဝိုင်းအထိ အရှည် ၃၂၅မိုင် ၆ဖာလုံ လမ်းကို ၂၀၀၅ ခုနှစ် အောက်တိုဘာလမှ စတင်ဖောက်လုပ်ခဲ့သည်။ ယခုအခါ နေပြည်တော်ရှိ စီလမ်းဆုံအထိ ၂၀၂ မိုင် ၁ဖာလုံကို Tow Way Tow Lane အသုံးပြုနိုင်တော့မည် ဖြစ်သည်။

အမြန်လမ်းမကြီးကို တစ်ဖက်လျှင်လေးလမ်းသွားဖောက်လုပ်မည်ဖြစ်ပြီး ယာဉ်များ အသွား အပြန် သတ်သတ်မှတ်မှတ် မောင်းနှင်နိုင်ရန် လမ်းလယ်ကျွန်းကို ပေ ၃၀ အကျယ် ဆောင်ရွက်ထားသည်။ လမ်းတစ်ခုလုံး၏ လမ်းနယ် အကျယ်ပေ ၃၆၀ ဆောင်ရွက်ထားသည်။

အမြန်လမ်းမကြီးအနီးရှိ ကျေးရွာများကို ကျေးရွာချင်းဆက်သွယ်သွားလာနိုင်ရန် Under Pass များ စီစဉ်ပေးထားပြီး ယာဉ်အသွားအပြန် သီးခြားရှိစေရန်နှင့် ယာဉ်ဖြတ်သန်းမှုကြောင့် အန္တရာယ်မဖြစ်ရန်လည်း Culvert Box များ စီစဉ်ထားပေးသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးစီမံကိန်းကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ရှိသင့်ရှိထိုက်သည်များပါဝင်ရန် စီမံဆောင်ရွက်ထားပေးသည်။ ရှစ်လမ်းသွား ကွန်ကရစ် လမ်းမကြီးဖြစ်ပြီး ကွန်ကရစ် ပထမအလွှာ ခြောက်လက်မ၊ ဒုတိယအလွှာ ၁၂လက်မခင်းထားသဖြင့် တန် ၈၀ အထိ ခံနိုင်ဝန်ရှိသည်။

သို့ဖြစ်ပေရာ လမ်းပန်းဆက်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့ပါမှ လူမှုရေးနှင့် စီးပွားရေး တိုးတက်ဖြစ်ထွန်းမည်ဖြစ်သဖြင့် နိုင်ငံတစ်ဝန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုဟန်ချက်ညီညီ တိုးတက်ရန်အတွက် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ရထားလမ်းများ ကားလမ်းများကို တိုးချဲ့ဖောက်လုပ်လျက်ရှိရာ တိုင်းရင်းသားပြည်သူများအပိုင်းက ဝိုင်းဝန်းလက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၃-၂၀၀၉ (တနင်္လာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**ပဌာန်းဒေသနာ** တရားတော် (ဆရာတော် အရှင်နန္ဒော ဘာသာ ဘိဝံသ)
၇း၅၀-၁း၅၀	လယ်ယာသုံးစက်ကိရိယာ အရည်အသွေးမြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ
၈း၁၅-၂း၁၅	Soccer Update
၈း၃၀-၂း၃၀	သင့်မိသားစုကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့် ဦးစားပေး
၈း၅၀-၂း၅၀	နိုင်ငံတကာအနုပညာရေးရာ
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တူညီဆင်နွဲ ဒသမအကြိမ်မြတ်ဆရာပူဇော်ပွဲ
၉း၄၅-၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	Biz Net
၁၀း၀၅-၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀-၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅-၄း၁၅	ဟန်ကျတဲ့ စံပြ စိုက်ပျိုးရေးအထူးဇုန်
၁၀း၄၀-၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀-၄း၅၀	ဖူးမြော်ကြည်ညို မြတ်ရွှေတိဂုံ သဒ္ဓါပွားများ မြတ်ဒါန
၁၁း၁၅-၅း၁၅	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (ဒုစရိုက်တရား မြဲရှောင်ရှား)
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	MRTV-4 ကျန်းမာရေးကဏ္ဍ (အသည်းရောင်အသားဝါ ဘီပိုးကုသနည်း) (ပါမောက္ခဒေါက်တာ ဦးသံစစ်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၂း၀၅-၆း၀၅	အား...နာတယ် **ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ ရော၊ မျိုးမျိုးခိုင်** (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၂း၂၀-၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅-၆း၂၅	ခနရိုးရာအစားအစာ စားချင်ဖွယ်ရာ ဟင်းထုပ်ပါ
၁၂း၄၀-၆း၄၀	တိရစ္ဆာန်လေးတွေ မွေးကြမယ် (2009 Pet Show မှ ခွေးကလေးများ)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	West Brom-Arsenal	Star Sports (Live)
၂း၁၄	Liverpool-Sunderland	ESPN (Live)

မြဝတီရုပ်မြင်သံကြား

၂-၃-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၂၅	၆။	မျိုးချစ်တပ်မတော်
၄း၄၀	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅း၁၅	၉။	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအထောက်အကူပြု သင်ခန်းစာ(သမိုင်း)
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	သွက်လက်လှုပ်ရှား ကစားစို့လား
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့ နှလုံးသား** (အပိုင်း-၂၇)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုတ်မုန့်ချစ်သူ** (အပိုင်း-၂)

မော်လမြိုင်မြို့နယ်၌ ရေပေးဝေရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းနှင့် အဖွဲ့ဝင်(၁) ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မောင်မောင်တို့လိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ရက်က မော်လမြိုင်မြို့နယ် မြိုင်သာယာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိရာ မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လင်းက မြိုင်သာယာရပ်ကွက် ရေပေးဝေရေး ရေပိုက်လိုင်းများသွယ်တန်းထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ရွှေနတ်တောင်ဆည်မှ RTC ရေစုကန်သို့ အရှည်ပေ ၉၅၀၀ရှိ ရေပိုက်သွယ်တန်းထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မြိုင်သာယာရပ်ကွက် အိမ်ခြေ ၁၁၀၀ကို ရေဖြန့်ဝေပေးနိုင်ရေးစီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် တာဝန်ရှိသူများက ရေပိုက်လိုင်းမြေတူးခြင်းလုပ်ငန်းပြီးစီးမှု၊ ပိုက်ချ ပိုက်ဆက်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ပုံ)**

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူးသည် မြိုင်သာယာရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရေပိုက်လိုင်းသွယ်တန်းထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ရေပိုက်ထောင့်တပ်ဆင်ခြင်းနှင့် ရေထုတ်ဂိတ်တပ်ဆင်နေမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

အမေရိကန်၏ လူ့အခွင့်အရေး ဝေဖန်မှုအစီရင်ခံစာ ချီလီနိုင်ငံက ပြန်လည်တုံ့ပြန်

စန်တီယာဂို မတ် ၁

အခြားနိုင်ငံများ၏ လူ့အခွင့်အရေး အခြေအနေများကို ဝေဖန်နေသည့် အမေရိကန်အစိုးရ၏ လူ့ကျင့်ဝတ်သိက္ခာဆိုင်ရာ လုပ်ပိုင်ခွင့်အပေါ် ချီလီအစိုးရက မေးခွန်းထုတ်ကြောင်း ချီလီမီဒီယာများက ဖေဖော်ဝါရီ ၂၇ရက်တွင် ဖော်ပြသည်။

ချီလီနိုင်ငံတွင် ဂွမ်တာနာမိုကဲ့သို့သော အကျဉ်းစခန်းမျိုးမရှိဟု ချီလီအစိုးရ ပြောရေး ဆိုခွင့်ရှိသူ ဖရန်စစ္စကိုဗီဒယ်က ပြောကြားသည်။အမေရိကန်အနေဖြင့် မိမိနိုင်ငံအရေး ကိုစစ်စစ်ဆေးဆေးမရှိဘဲ အခြားနိုင်ငံများ၏ လူ့အခွင့်အရေးအခြေအနေကို လက်ညှိုးထိုး ဝေဖန်လျက်ရှိသည်ဟု ၎င်းကပြောကြားသည်။ အမေရိကန် နိုင်ငံခြားရေးဌာနက အမေရိကန်အောက်လွှတ်တော်သို့တင်သွင်းသည့် ချီလီနိုင်ငံနှင့်သက်ဆိုင်သော ၂၀၀၈ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာကို တုံ့ပြန်သည့်အနေဖြင့် ၎င်းက ပြောကြားခြင်းဖြစ်သည်။

ဂွမ်တာနာမို အကျဉ်းသားများက အကျဉ်း ကျခံရစဉ်အတွင်း လူ့ကျင့်ဝတ်သိက္ခာနှင့် မညီသည့် နှိပ်စက်ညှဉ်းပန်းမှုများခံခဲ့ရသည်ဟု ပြောကြားနေကြစဉ် ဂွမ်တာနာမိုအကျဉ်း စခန်းနှင့်ပတ်သက်၍ အများ၏ ဝေဖန်မှု ခံခဲ့ရသည်။ အကျဉ်းသားအများစုသည် အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်သည် ဟုစွပ်စွဲခံရသော်လည်း အကျဉ်းစခန်းတွင် စစ်ဆေးမှုမရှိဘဲ နှစ်ပေါင်းများစွာထောင်ဒဏ် ကျခံခဲ့ကြရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်မှ ကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးအစီအစဉ် သမ္မတအိုဘားမား ကြေညာချက်မူကြမ်း ထုတ်ပြန်

ဝါရှင်တန် မတ် ၁

အမေရိကန်သမ္မတ ဘားရက်အိုဘားမား(အောက်ပုံ)**သည် ၂၀၁၀ပြည့်နှစ်ဩဂုတ်လ အကုန်တွင် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်အများစုကို ရုပ်သိမ်းရန် အကြမ်းဖျင်း အစီအစဉ်ကို ဖေဖော်ဝါရီ ၂၇ရက်က ကြေညာချက်မူကြမ်းထုတ်ပြန်ခဲ့သည်။**



ပြောကြား

အီရတ်တွင် အမေရိကန် စစ်ဆင်ရေး ခရီးသည် ၂၀၁၀ပြည့်နှစ် ဩဂုတ်လတွင် တရားဝင် အဆုံးသတ်မည်ဖြစ်ကြောင်း၊ သို့သော်လည်း အီရတ်တပ်ဖွဲ့များကို အကြံပေးရန်နှင့်အမေရိကန်၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် လက်ရှိအီရတ်၌ အမေရိကန် တပ်ဖွဲ့ဝင် ၁၄၂၀၀၀ အနက် ၅၀၀၀၀အား ၂၀၁၁ခုနှစ် နှစ်ကုန်အထိ အီရတ်တွင် ချန်ထားဦးမည်ဖြစ်ကြောင်း၊ အီရတ်တွင် တိုးတက်လာသော အခြေအနေကို ချီးကျူးကြောင်း၊ သို့သော်လည်း အီရတ်သည် လုံခြုံမှု မရှိသေးသည့်အပြင် အခက်အခဲ အကျပ်အတည်း ကာလများကို ရှေးရှုဖြတ်သန်းရဦးမည်ဖြစ်ကြောင်း ရေတပ်အခြေစိုက်စခန်း၌ ပြောကြားသော မိန့်ခွန်းတွင် သမ္မတ အိုဘားမားက ထည့်သွင်းပြောကြားခဲ့သည်။

စိုးရိမ်

ဒီမိုကရက်တစ်ပါတီဝင် အချို့ကမူ သမ္မတအိုဘားမား၏ ရွေးကောက်ပွဲတွင် ကတိပေးခဲ့သည့် ကာလထက် စောကာ အီရတ်မှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းရန် အချိန်တိုအတွင်း ဆုံးဖြတ်ခဲ့မှုအတွက် စိုးရိမ်ပူပန်လျက်ရှိသည်။

ရီပတ်ဘလီကင် ပါတီဝင်များကမူ ၂၀၁၀ ပြည့်နှစ်တွင် အီရတ်မှကန်တပ်ဖွဲ့အများစုကို ရုပ်သိမ်းရန် ကြေညာခဲ့ပုံကို သိသိသာသာ ကြိုဆိုခဲ့ကြသည်။

အကြံပြု

သို့သော်လည်း သမ္မတအိုဘားမားအနေဖြင့် ၎င်း၏ရှေ့မှ ယခင်သမ္မတဟောင်း ဂျော့ချ်ဒဗလျူဘုရှ်၏ အီရတ်တွင်တည်ငြိမ်မှုရရှိရေးအတွက် အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ တိုးချဲ့စေလွှတ်ခဲ့သည့် မဟာဗျူဟာကို ချီးကျူးလေးစားသင့်ကြောင်း၊ ရီပတ်ဘလီကင်များက အကြံပြုကြကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန်အတွက်

ပြည်တွင်း ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို စုပေါင်းကာကွယ် တိုက်ဖျက်သွားကြရမည်

ရွှေဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ထွန်းလာရေးအတွက် ရည်မှန်းချက်ထားပြီး အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့နိုင်ငံသည် ဘိုးဘွားများလက်ထက်မှစ၍ လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်ခဲ့ခြင်း၊ တစ်နိုင်ငံလုံး အလုပ်လုပ်သူဦးရေ၏ အများစုသည် တောင်သူလယ်သမားများဖြစ်ခြင်း စသည်တို့ကြောင့် စိုက်ပျိုးရေးကို အခြေခံ၍ အခြားသော စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဦးတည်ချက် ချမှတ်ခဲ့ပါသည်။

အားထုတ်ကြိုးပမ်း

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ရေ၊ မြေ သဘာဝသယံဇာတ စွမ်းအားများကို ဖော်ထုတ်မြှင့်တင်၍ စိုက်ပျိုးမြေတိုးချဲ့ရေးနှင့် သီးနှံစိုက်စွမ်းအား တိုးတက်ရေးတို့အတွက် အားထုတ်ကြိုးပမ်းလျက်ရှိပါသည်။

မြင့်မားလာပြီ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် စိုက်ပျိုးရေရရှိရေးအတွက် ရေလှောင်တမံ (၁၉၀)ခု၊ ရေထိန်းတံခါး (၂၉)ခု၊ မြစ်ရေတင်စီမံကိန်း (၃၂၂)ခု၊ မြေအောက်ရေရရှိရေးလုပ်ငန်း (၇၉၇၄)ခုနှင့် ကျေးလက် ဆည်ငယ်ကန်ငယ် (၆၅၈)ခုတို့ကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါသည်။ ယခင်က မြန်မာနိုင်ငံတွင် စုစုပေါင်းသီးနှံစိုက်မြေဧက ၁၉ဒသမ၅သန်းသာရှိခဲ့သော်လည်း ယခုအခါ ဧက ၂၉ဒသမ၃၂ သန်းအထိ တိုးတက်လာပြီး စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ တည်ဆောက်ပေးနိုင်ခဲ့သဖြင့် သီးနှံစိုက်စွမ်းအားမှာ ၁၇၄ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်မားလာပြီ ဖြစ်ပါသည်။

ဖြည့်ဆည်းပေးနိုင်

စိုက်ပျိုးရေးကဏ္ဍ တိုးတက်လာသည်နှင့်အညီ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ကူးပြောင်းရန် လယ်ယာသုံးစက်ကိရိယာများကို ကြိုးပမ်းဖြည့်ဆည်းပေးလျက် ရှိပါသည်။ ထို့ကြောင့် ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လက်ရှိလူဦးရေ သန်း ၅၀ကျော်အတွက်သာမက သားစဉ်မြေးဆက် တိုးတက်လာမည့် လူဦးရေ သန်း ၁၀၀အတွက်ပင် စားနပ်ရိက္ခာဖူလုံလျက်ရှိနေပြီဖြစ်ပြီး ပိုလျှံသောရိက္ခာများဖြင့် ကမ္ဘာ့ပြည်သူများ၏ စားနပ်ရိက္ခာလိုအပ်ချက်ကို တစ်တပ်တစ်အား ဖြည့်ဆည်းပေးနိုင်လျက် ရှိနေပြီဖြစ်ပါသည်။

စီမံကိန်းချမှတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တောင်သူလယ်သမားအများစုနေထိုင်ကြသည့် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းကြီး (၅)ရပ်ဖြစ်သော လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ စိုက်ပျိုးရေနှင့် သန့်ရှင်းသောသောက်သုံးရေ အလုံအလောက်ရရှိရေး၊ ပညာရည်တိုးတက်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ပြည့်ဝဝရရှိပြီး ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းပြီး လူမှုစီးပွား တိုးတက်ကောင်းမွန်ရေး စသည်တို့ကို စီမံကိန်းချမှတ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အားသွန်ခွန်စိုက်

၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့၌ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ပြင်းထန်သော မုန်တိုင်းအန္တရာယ်ကျရောက်ခဲ့ရာ တောင်သူလယ်သမားများ၏ အသက်အိုးအိမ်စည်းစိမ်များဆုံးရှုံးပြီး စီးပွားရေးလုပ်ငန်းများလည်း ပျက်စီးသွားကြရာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့သည် တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားရေးဘဝများ ပြန်လည်ရှင်သန်ရေးအတွက် နှောင့်နှေးတုံ့ဆိုင်းခြင်းမရှိဘဲ ချက်ချင်း အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ပါသည်။

လုပ်ငန်းသုံးကိရိယာများ

တောင်သူလယ်သမားများနှင့် မုန်တိုင်းသင့်ပြည်သူများအတွက် ယာယီခိုလှုံနိုင်သောစခန်းများ ဖွင့်လှစ်ပေးပြီး စားဝတ်နေရေးကိုစီမံပေးခြင်း၊ နေအိမ်များ ပြန်လည်ဆောက်လုပ်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ ကာကွယ်ကုသစောင့်ရှောက်မှုများကို အမြန်ဆောင်ရွက်ပေးခြင်း၊ ကျောင်းသားသူငယ်များ ပညာသင်ကြားရေး အရှိန်မပျက်စေရန် ဆောင်ရွက်ပေးခြင်း၊ လိုအပ်သော အိမ်သုံးလူသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့အပြင် မိသားစုစီးပွားရေးဘဝများ ပြန်လည်ထူထောင်ရေးအတွက် မတည်ရင်းနှီးငွေများနှင့် လုပ်ငန်းသုံးကိရိယာများကို စိုက်ထုတ်ဖြန့်ဖြူးပေးခဲ့ပါသည်။

အင်တိုက်အားတိုက်

အဆိုပါ ဒေသများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းဟူ၍ အဓိကစီးပွားရေးလုပ်ငန်းကြီးသုံးခုကို မူလအခြေအနေအတိုင်း ပြန်လည်လုပ်ကိုင်နိုင်စေရန် အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၊ ပြည်တွင်းစေတနာရှင် ပြည်သူများနှင့် တပ်မတော်သားတို့က ကူညီထောက်ပံ့သည့် ငွေအား၊ ပစ္စည်းအား၊ ယန္တရား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ရဟတ်ယာဉ်တို့ အပါအဝင် တန်ဖိုးစုစုပေါင်းမှာ ယခုအချိန်အထိ ကျပ်ဘီလီယံ ၃၀၀ကျော်ခန့် အသုံးပြုပြီး ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံအဖွဲ့၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာ၏ ကူညီထောက်ပံ့မှုများ ရရှိခဲ့ခြင်းကြောင့်လည်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အရှိန်အဟုန် ပိုမိုရရှိခဲ့ပါသည်။

ပူးပေါင်းဆောင်ရွက်

တောင်သူလယ်သမားများအတွက် ရေနစ်ဖုံးလွှမ်းသွားသော လယ်မြေများ ပြန်လည်ပြုပြင်ပေးခြင်း၊ လယ်ယာသုံး ခိုင်းကျွဲ၊ ခိုင်းနွားနှင့် စက်ကိရိယာများ ဖြည့်ဆည်းပေးခြင်း၊ မျိုးစပါးနှင့် ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးခြင်းတို့ကို စိုက်ပျိုးရာသီအမီ လျင်လျင်မြန်မြန် ဆောင်ရွက်ပေးနိုင်သည့်အပြင် တိုင်းရင်းသားသွေးချင်းများက လုပ်ငန်းခွင်အတွင်း ဒိုးတူပေါင်ဖက် ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးခဲ့ကြခြင်းဖြင့် မုန်တိုင်းသင့်ဒေသများ၏ လယ်ယာထုတ်ကုန်ပမာဏ ကျဆင်းသွားခြင်းမရှိအောင် ထိန်းသိမ်းနိုင်ခဲ့ပါသည်။ ဤအချက်သည် တောင်သူလယ်သမားများ၊ ပြည်သူများနှင့် နိုင်ငံတော်တို့ ပူးပေါင်းဆောင်ရွက်ပါက မည်သည့် အခက်အခဲကိုမဆို ကျော်လွှားနိုင်ပြီး ကြီးမားသော ရလဒ်ကောင်းများ ရရှိနိုင်ကြောင်း ထင်ရှားသည့် သာဓကပင်ဖြစ်ပါသည်။

အခြေခံမူများချမှတ်

ထို့အတူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွန်းလာရေးအတွက် ကျင်းပခဲ့သည့် အမျိုးသားညီလာခံကြီးတွင် တောင်သူလယ်သမား ကိုယ်စားလှယ်များက အခြားသော ကိုယ်စားလှယ်အစုအဖွဲ့များနှင့် အတူတကွ ဆွေးနွေးတိုင်ပင် ညှိနှိုင်းကြလျက် အခြေခံမူများ ချမှတ်ခဲ့ခြင်းမှအစပြု၍ ပြည်သူ့ဆန္ဒခံယူပွဲကြီးဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပေးနိုင်သည်အထိ တောင်သူလယ်သမားကြီးများ၏ တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့မှုများကိုလည်း မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

စုပေါင်းကာကွယ်

နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးသည် အဓိကလိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုနှောင့်ယှက်ဟန့်တားနေသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို စုပေါင်းကာကွယ် တိုက်ဖျက်သွားကြရမည် ဖြစ်ပါသည်။

ချမ်းသာကြစေရေး

ယခုကဲ့သို့ တောင်သူလယ်သမားနေ့ အခါသမယတွင် တောင်သူလယ်သမားကြီးများ၏ လယ်ယာလုပ်ငန်းခွင် သာယာရေး၊ အကျိုးစီးပွားဖြစ်ထွန်းရေး၊ ကာယ စိတ္တနှစ်ဖြာ ကျန်းမာချမ်းသာကြစေရေးအတွက် ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။ ။

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ပြင်းထန်သော မုန်တိုင်းအန္တရာယ်ကျရောက်ခဲ့ရာ တောင်သူလယ်သမားများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးပြီး စီးပွားရေးလုပ်ငန်းများလည်း ပျက်စီးသွားကြရာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့သည် တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားရေးဘဝများ ပြန်လည်ရှင်သန်ရေးအတွက် နှောင့်နှေးတုံ့ဆိုင်းခြင်းမရှိဘဲ ချက်ချင်း အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့။

ယာယီခိုလှုံနိုင်သောစခန်းများ ဖွင့်လှစ်ပေးပြီး စားဝတ်နေရေးကိုစီမံပေးခြင်း၊ နေအိမ်များ ပြန်လည်ဆောက်လုပ်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ ကာကွယ်ကုသစောင့်ရှောက်မှုများကို အမြန်ဆောင်ရွက်ပေးခြင်း၊ ကျောင်းသားသူငယ်များ ပညာသင်ကြားရေး အရှိန်မပျက်စေရန် ဆောင်ရွက်ပေးခြင်း၊ လိုအပ်သော အိမ်သုံးလူသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့အပြင် မိသားစုစီးပွားရေးဘဝများ ပြန်လည်ထူထောင်ရေးအတွက် မတည်ရင်းနှီးငွေများနှင့် လုပ်ငန်းသုံးကိရိယာများကို စိုက်ထုတ် ဖြန့်ဖြူးပေးခဲ့။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❐ *ရှေ့ဖုံးမှ*

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်နှင့် ဗိုလ်ချုပ်မောင်ရှိန်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာဘန်စန်းဘွန်နတ်ခ်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သောအဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားခဲ့ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး ဒုတိယနေ့အဖြစ် ယနေ့နံနက်စနာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပသည်။

သဘာပတိ

အစည်းအဝေးတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ခေတ္တရပ်နား

ရှေးဦးစွာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက တင်ပြလာသော အကြံပြုချက်များကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသည့် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဒွိပိဋကဓရ ကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသနှင့် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိကာဘိဝံသတို့က ရှင်းလင်းပြန်ကြားလျှောက်ထားတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဝေဖန်ဆွေးနွေး

မွန်းလွဲ ၁နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ပြည်နယ်၊ တိုင်းနှင့် သီးခြားဂိုဏ်းများမှ ကိုယ်စားလှယ်ဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူကြပြီး ဒုတိယနေ့အစည်းအဝေးကို ရပ်နားလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်နေ အလှူရှင် ဒေါ်ကျင်မြက သုံးထပ်ဆွမ်းစားကျောင်းဆောင်ကြီး၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

ကံထူးရှင်ရွေးချယ်ပွဲ

ရန်ကုန် မတ် ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ (၂၄၂)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ်သိန်း (၁၀၀၀) ဆု
မ-၃၀၃၃၈၇

ကျပ်သိန်း (၅၀၀) ဆု
တ-၄၉၉၀၅၃

ကျပ်သိန်း (၃၀၀) ဆုများ
ဈ-၆၈၆၈၉၁ ဖ-၇၄၅၉၀၃

ကျပ်သိန်း (၂၀၀) ဆုများ
ဆ-၄၅၉၉၁၆ န-၄၁၁၉၈၃
က-၃၅၄၅၁၇ ည-၂၀၉၂၅၅

ကျပ်သိန်း(၁၀၀)(မင်္ဂလာစုံတွဲစနစ်) ဆုမဲများ
ဋ္ဌ-၉၆၇၃၃၃ မ-၆၆၃၂၁၃
မ-၇၆၃၄၀၆ ဠ-၄၃၃၂၅၈
က-၆၄၂၇၇၀ ဗ-၃၃၇၈၉၀
ဗ-၁၇၄၉၀၅ ဂ-၆၁၄၄၇၃
စ-၁၃၅၂၇၁ ဗ-၁၄၄၂၅၄
ဃ-၃၀၃၂၂၇ ဠ-၂၁၃၄၂၉
ဗ-၃၈၄၂၈၈ ယ-၂၁၃၄၂၉
ဂ-၈၇၂၄၄၆

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့၌ မိုးအနည်းငယ်ရွာနိုင်

ရန်ကုန် မတ် ၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၁ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ဝ ဒသမ၃၉လက်မနှင့် ပူတာအိုမြို့တွင် ဝ ဒသမ ၁၂လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

၂၀၀၉ခုနှစ် မတ် ၂ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် အများအားဖြင့် သာယာမည်။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လေ့လာရေးအဖွဲ့ မူဆယ် ၁၀၅မိုင် ကုန်သွယ်ရေးဇုန်သို့ သွားရောက်လေ့လာ

နေပြည်တော် မတ် ၁

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကုန်သွယ်ရေးအတိုင်ပင်ခံ Mr. Shafiqui Islam နှင့် Sonali Bank မှ Mr. Md Atiqur Rahman တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးကောင်စစ်ဝန် Mr. Aftabuzaman လိုက်ပါလျက် ဖေဖော်ဝါရီ၂၆ရက် နံနက် ၉နာရီတွင် မူဆယ် ၁၀၅မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိကြပြီး မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို ကြည့်ရှုလေ့လာကြသည်။

တင်ပြ

ထို့နောက် မူဆယ်၁၀၅မိုင် ကုန်သွယ်ရေးဇုန်တာဝန်ခံ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းက မူဆယ် ၁၀၅မိုင် ကုန်သွယ်ရေးဇုန်တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေပုံများ၊ နိုင်ငံတော်၏ စီမံဆောင်ရွက်မှုဖြင့် ကုန်သွယ်ရေးဇုန် တည်ဆောက်ပြီးနောက်ပိုင်း မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု စည်ပင်ဖွံ့ဖြိုးတိုးတက်လာသည့် အခြေအနေများ၊ နယ်စပ်ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်လျင်မြန်ချောမွေ့စေရန် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေး

ယင်းနောက် Mr. Shafiqui Islam နှင့် အဖွဲ့သည် မူဆယ် ၁၀၅မိုင် ကုန်သွယ်ရေးဇုန်အတွင်းရှိ ကုန်စည်ဒိုင်များ၌ တရုတ်နိုင်ငံမှ ကုန်သည်များ တရုတ်ကုန်တင်ယာဉ်များဖြင့် တိုက်ရိုက်လာရောက်၍ လယ်ယာထွက်ကုန်၊ သစ်သီးဝလံနှင့် ရေထွက်ကုန်များအား လေလံစနစ်အရ ဈေးပြိုင်ပေးကာ ဝယ်ယူသည့်နည်းလမ်းဖြင့် တင်ပို့ရောင်းချနေမှု လက်တွေ့အခြေအနေများကို အသေးစိတ်လေ့လာကြည့်ရှုကြပြီး ကုန်သွယ်ရေးဇုန်အတွင်းရှိ ပွဲရုံ၊ ဂိုဒေါင်များ၌ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချရန် စုပုံသိုလှောင်ထားသော လယ်ယာထွက်ကုန်ပစ္စည်းများအားလည်းကောင်း၊ တစ်ဖက်နိုင်ငံမှတင်သွင်းကာ စုပုံသိုလှောင်ထားသော သွင်းကုန်ပစ္စည်းများအားလည်းကောင်း လှည့်လည်ကြည့်ရှုကာ မူဆယ်မြို့ရှိ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းမှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ ကျောဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အထူးလေယာဉ်ပေါ်မှ ဆင်းသက်လာရာ လေယာဉ်လှေကားထိပ်မှ ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Chavaral Charnvirakul က ကြိုဆိုနှုတ်ဆက်ပြီး ဂုဏ်ပြုပန်းကုံး ပေးအပ်သည်။

ဂါရဝပြုကြိုဆို

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ထိုင်းနိုင်ငံ Prachuaphkirikhan ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ကြိုဆိုရေး အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံရုံးမှ သံရုံးဝန်ထမ်းများက ဂါရဝပြုကြိုဆို နှုတ်ဆက်ကြသည်။

ဆက်လက်ထွက်ခွာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ခေတ္တတည်းခိုမည့် Holiday Inn Resort Hotel သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် အဘီဆစ်ဝဲ ချာချီဝအား ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ Dusit Thani Hotel BOR FAI-1၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် အဘီဆစ်ဝဲချာချီဝအား ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ Dusit Thani Hotel BOR FAI-1၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၂၈ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ **Klai Kangwol Palace** မြက်ခင်းပြင်တွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်နှင့် ကြင်ရာတော်မိဖုရားကြီး သီရိခေတ်၊ သမီးတော်မင်းသမီး သီရိဒွိတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်း-ကျောဖုံး) (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် အပီဆစ်ဝဲ့ချာချီဝအား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် မတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၃ နာရီ ၂၅ မိနစ်တွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် အပီဆစ်ဝဲ့ချာချီဝအား ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ Dusit Thani Hotel BOR FAI-1၌ တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် အာဆီယံမြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဉာဏ်လင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်တင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် အပီဆစ်ဝဲ့ချာချီဝနှင့်အတူ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်H.E.Mr. Kovbsak Sabhavasu၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Kasit Piromyaနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များသည် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး ASEAN မူဘောင်အတွင်းမှလည်းကောင်း၊ မဟာမဲခေါင်ဒေသခွဲဖွံ့ဖြိုးရေးအစီအစဉ် (GMS) နှင့် ဧရာဝတီ-ကျောက် ဖရား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ACMECS မူဘောင်များအတွင်းမှ လည်းကောင်း၊ နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း အတူတကွ လက်တွဲဆောင်ရွက်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Dusit Thani Hotel မှမော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ခေတ္တတည်းခိုသည့် Holiday Inn Resort Hotel သို့ရောက်ရှိကြပြီး ညအိပ်ရပ်နားသည်။ **(သတင်းစဉ်)**

ရုံဖန်ရုံခါလေပြင်းများတိုက်ခတ်မည့် သတိပေးချက်ထုတ်ပြန်

နေပြည်တော် မတ် ၁

ပူပြင်းခြောက်သွေ့သော ယခုအချိန်မှစ၍ မေလခန့်အထိ မြန်မာနိုင်ငံ အရပ်ရပ်တွင် နေ့အပူချိန်များ သိသိသာသာတိုးလာမည်ဖြစ်ရာ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်ရာမှ ရုံဖန်ရုံခါ လေပြင်းများ ခေတ္တမျှတိုက်ခတ်နိုင်သည်။ လေပြင်းများတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ခန့်အထိ တိုက်ခတ်နိုင်ပြီး အချို့နေရာများတွင် နေရာကွက်၍ မိုးကြီးခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များအတွင်းရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများအား

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ တွေ့ဆုံ

နေပြည်တော် မတ် ၁

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေသည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၀ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အငူမော် ကျေးရွာအုပ်စုသို့ ရောက်ရှိပြီး ဆင်ပိုက်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား တွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ထောက်ပံ့ငွေများကို ကျေးရွာအလိုက် ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မောင်တောမြို့နယ် အင်းဒင်နှင့် အလယ်သံကျော်ကျေးရွာတို့၌ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ကျေးရွာများအတွက် ထောက်ပံ့ငွေများ၊ ကျောင်းသုံး ဗလာစာအုပ်များ၊ ဆေးပစ္စည်းများနှင့် ဂျာနယ်မဂ္ဂဇင်းများကို ထောက်ပံ့ပေးအပ်သည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၁ ရက်နှင့် ၂၂ရက်တို့တွင် မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌လည်းကောင်း၊ ကျီးကန်းပြင်၊ ဖားဝပ်ချောင်းနှင့် ကြိမ်ချောင်းကျေးရွာတို့၌လည်းကောင်း၊ ဘူးသီးတောင်မြို့နယ် တပ်ဇင်းချောင်း၊ လက်ဝဲဘက်ပြင်ရှည်ရွာမ၊ ကကျာဘက် ကံပြင်ကျေးရွာများ၌လည်းကောင်း၊ ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ လည်းကောင်း ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

တွေ့ဆုံ

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေသည် ဖေဖော်ဝါရီ၂၃ရက်တွင် ဘူးသီးတောင်မြို့နယ် ဘုရားပြင်နှင့် အောင်ပကျေးရွာ၊ ရသေ့တောင် မြို့နယ် စေတီပြင်ကျေးရွာ၊ ရသေ့တောင်မြို့ မေယုခန်းမနှင့် သာဧတောင့်ကျေးရွာတို့၌ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးပွင့်ပွဲ အခမ်းအနားနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်

နေပြည်တော် မတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖေဖော်ဝါရီ ၂၈ရက်တွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ **Royal Dusit Grand Hall**၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သည်။

တက်ရောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖေဖော်ဝါရီ ၂၈ရက် နံနက် ၁၁နာရီခွဲတွင် Dusit Thani Hotel Napalai Ballroom(A) Main Building ၌ ကျင်းပသည့် ပထမအကြိမ် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံ ပါလီမန်အဖွဲ့ အထွေထွေညီလာခံ ကိုယ်စားလှယ်များ၏ အလွတ်သဘော ဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါ အလွတ်သဘောဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် အာဆီယံပါလီမန်အဖွဲ့ အထွေထွေညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံပါလီမန်အဖွဲ့ အထွေထွေညီလာခံကိုယ်စားလှယ်များ ကိုယ်စား ထိုင်းနိုင်ငံ အမျိုးသားပါလီမန်ဥက္ကဋ္ဌ (National Assembly of Thailand) မစ္စတာ ချိုင်းချက်ချပ် (H.E. Mr. Chai Chidchob) က အာဆီယံပါလီမန်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာကို တင်ပြသည်။

ပွင့်လင်းစွာဆွေးနွေး

ထို့နောက် အာဆီယံနိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများက မိမိတို့၏ အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မွန်းတည့် ၁၂နာရီတွင် Dusit Thani Hotel Napalai Ballroom(A)Main Building ၌ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံလူငယ် ကိုယ်စားလှယ်များ၏ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ အာဆီယံလူငယ်ကိုယ်စားလှယ်များကိုယ်စားMahidol University Social Science Faculty မှ Phra Chainarong Sangsranoi က အာဆီယံလူငယ် ကိုယ်စားလှယ်များ၏ အစီရင်ခံစာကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အာဆီယံနိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့ အကြီးအကဲများက မိမိတို့၏အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မွန်းလွဲ ၁၂ နာရီခွဲတွင် Dusit Thari Hotel Napalai Ballroom(A) Main Building ၌ အာဆီယံနိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံလူမှု အဖွဲ့အစည်းကိုယ်စားလှယ်များ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

အစီရင်ခံစာတင်ပြ

ရှေးဦးစွာ အာဆီယံလူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များကိုယ်စား The Institute of Security and International Studies(ISIS) ညွှန်ကြားရေးမှူး၊ International Political Economy at the Faculty of Political Science ပါမောက္ခ Thitinan Pongsudhirak က အာဆီယံလူမှုအဖွဲ့အစည်း၏ဆောင်ရွက်မှုအစီရင်ခံစာကိုတင်ပြသည်။

အမြင်များဆွေးနွေး

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများက မိမိတို့၏အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပထမအကြိမ် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်အဖွဲ့ အထွေထွေညီလာခံ ကိုယ်စားလှယ်များ၏ အလွတ်သဘော ဆွေးနွေးပွဲသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် Dusit Thani Hotel Napalai Ballroom (A) Main Building ၌ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံလူငယ်ကိုယ်စားလှယ်များ၏ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အာဆီယံနိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံလူမှုအဖွဲ့အစည်းကိုယ်စားလှယ်များ အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

2-3 (06).pmd 1 3/2/2009, 2:47 AM

စာမျက်နှာ ၆ မှ

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် မွန်းလွဲ ၁နာရီတွင် Dusit Thani Hotel Baan Benjarong ၌ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံစီးပွားရေး အကြံပေးကောင်စီ (ASEAN Business Advisory Council)ဝင်များနှင့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ရှေးဦးစွာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် အာဆီယံစီးပွားရေး အကြံပေးကောင်စီဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အာဆီယံစီးပွားရေး အကြံပေးကောင်စီဥက္ကဋ္ဌ ထိုင်းနိုင်ငံမှ Mr. Arin Jira က အာဆီယံ စီးပွားရေးအကြံပေးကောင်စီ၏ အစီရင်ခံစာကို တင်ပြသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့ အကြီးအကဲများက မိမိတို့၏အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဖွင့်ပွဲတက်ရောက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် မွန်းလွဲ၂နာရီခွဲတွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Royal Dusit Grand Hall ရှိ The Royal Dusit Grand Ball-

(၁၄)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Royal Dusit Grand Hall ရှိ The Royal Dusit Grand Ballroom(A-B)၌ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံ စီးပွားရေးအကြံပေးကောင်စီဝင်များနှင့် အလုပ်သဘော နေ့လယ်စာစားပွဲအပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

room (A-B)၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘုရင်ဆူလ်တန် ဟာဂျီဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် ဟွန်ဆင်၊ အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါ ဆွန်ဘုဖာဝမ်း၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာဘင် ဟာဂျီ အာမက်ဘာဒါဝီ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါကဲလ် အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ထိုင်းနိုင်ငံ ဝန်ကြီးချုပ် အပီဆစ်ဝဲ့ချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ် ဆူဝမ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံပါလီမန်အဖွဲ့ အထွေထွေညီလာခံ ကိုယ်စားလှယ်များ၊ အာဆီယံလူငယ် ကိုယ်စားလှယ်များ၊ အာဆီယံလူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ အာဆီယံစီးပွားရေး အကြံပေးကောင်စီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုတီးမှုတ်

ရှေးဦးစွာ "The ASEAN Anthem" သီချင်းကို သံစုံတီးဝိုင်းဖြင့် ဂုဏ်ပြုတီးမှုတ်သည်။

ထို့နောက် "From Laem Tan To Hua Hin" အာဆီယံသမိုင်းကြောင်း မှတ်တမ်းကို တင်ဆက်ပြသသည်။

ယင်းနောက် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် အပီဆစ်ဝဲ့ချာချီဝက အဖွင့်မိန့်ခွန်းပြောကြားသည်။

ယင်းသို့ ပြောကြားရာတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်က အာဆီယံသမိုင်းကြောင်းအရ ဖြစ်ပေါ်တိုးတက်မှုများနှင့် ပတ်သက်၍လည်းကောင်း၊ အနာဂတ် အာဆီယံအသိုင်းအဝိုင်းများ ထူထောင်သွားရေးအတွက်လိုအပ်သည့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ကြိုးပမ်းရေးနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကပြတင်ဆက်

ယင်းနောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသော ဧည့်ပရိသတ်တို့အား ထိုင်းနိုင်ငံအနုပညာဦးစီးဌာနမှ ထိုင်းရိုးရာ ကိန္နရီအကပဒေသာဖြင့် ကပြ တင်ဆက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ Royal Dusit Grand Hall ရှိ The Royal Dusit Grand Ballroom (A-B)၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အာဆီယံ အတွင်းရေးမှူးချုပ်တို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

တပ်မတော်နေ့အထိမ်းအမှတ်

တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၁

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၇)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၆နာရီတွင် နေပြည်တော်၌ ပဋ္ဌမနေ့အဖြစ် ဆက်လက်ကျင်းပရာ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကျင်းပရေးကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အမှတ်ပေး အကဲဖြတ်အဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ပါဝင်ယှဉ်ပြိုင်

ထိုသို့ယှဉ်ပြိုင်ကြရာတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ဒို့တပ်မတော်သား၊ ရဲစိတ်ရဲမာန်၊ တပ်မတော်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ တူယှဉ်ကာတိုက်စို့ စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)က ပြည်သူ့သားစစ်သည်၊ ရဲသွေး ရဲမာန်၊ ပြည်သူ့သားကောင်း စစ်ချီသီချင်းများဖြင့် လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)က အောင်လံလွှင့်မယ့်တပ်မတော်၊ အောင်ပွဲရဒို့စစ်သည်၊ တူယှဉ်ကာတိုက်စို့၊ ကျန်ရှိသေးသော တာဝန်တစ်ရပ် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းက ထာဝစဉ်နှုပျိုနေတဲ့ ဒို့တပ်မတော်၊ တူယှဉ်ကာတိုက်စို့၊ ပြည်သူ့တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက မျိုးချစ်ဇာနည်၊ ထာဝစဉ်နုပျိုနေတဲ့ ဒို့တပ်မတော်၊ အောင်လံဝင့်ဝင့် သမိုင်းအဆင့်ဆင့်၊ ဒို့ တပ်မတော်သား စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ အရှေ့မြောက်ပိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၁)က ရဲသွေးရဲမာန်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ မျိုးမြန်မာပြည်ရွာ စစ်ချီသီချင်းများဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူမည့် မဟာမဏိမယ ဗုဒ္ဓပဋိမာလေးဆူ ပင့်ဆောင်ပူဇော်ခြင်း

ဗုဒ္ဓဝေယျာဝစ္စကုသိုလ်တော် ရေစက်ချမင်္ဂလာအခမ်းအနား ခမ်းနားသိုက်မြိုက်စွာကျင်းပ

နေပြည်တော် မတ် ၁

နေပြည်တော်ရှိ ဥပ္ပါတသန္တိ ကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်လိုဏ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူမည့် မဟာမဏိမယဗုဒ္ဓပဋိမာလေးဆူ ပင့်ဆောင်ပူဇော်ခြင်း ဗုဒ္ဓဝေယျာဝစ္စကုသိုလ်တော် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဥပ္ပါတသန္တိစေတီတော်၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပသည်။

တက်ရောက်ကြည်ညို

အဆိုပါ မင်္ဂလာအခမ်းအနားသို့ ဥပ္ပါတသန္တိ စေတီတော်တည်ဆောက်ရေး ဩဝါဒါစရိယ ဆရာတော်များ ဖြစ်တော်မူကြသည့်နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ၊ နေပြည်တော် တပ်ကုန်းမဟာသီဟနာဒ ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏနှင့် နေပြည်တော် လယ်ဝေး ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒတို့ အမှူးပြုတော်မူသော

ရှေးဦးစွာ စေတီတော်လိုဏ်တော် အတွင်း၌ ကိန်းဝပ်စံပယ်တော်မူမည့် မဟာမဏိမယ ဗုဒ္ဓပဋိမာလေးဆူ ပင့်ဆောင်ပူဇော်ခြင်းမင်္ဂလာအခမ်းအနားကို နံနက်ဖနာရီ ၃မိနစ်တွင် နေပြည်တော် ရာဇဌာနီလမ်းရှိ ရာဇသင်္ဂဟ အဝိုင်း၌ ကျင်းပရာ အခမ်းအနားမှူးက မဟာမဏိမယ ဗုဒ္ဓပဋိမာလေးဆူတို့အား ပင့်ဆောင်ပေးရန် ပသန္နယာစန ကထာကို ဖတ်ကြားသည်။

ထို့နောက် မဟာမဏိမယ ဗုဒ္ဓပဋိမာ လေးဆူတို့အား အောင်အိုးကိုင် ဥပါသကာများ၊ထီးဖြူတော်ဆောင်းမိုး ပူဇော်သည့် နတ်ဗြဟ္မာများခြံရံလျက် ပန်းမန်မျိုးစုံတို့ဖြင့် တင့်တယ်စွာ စီမံထားသည့် ပန်းဆွမ်းအုပ်တော်တင်

ယင်းနောက် မဟာမဏိမယ ဗုဒ္ဓပဋိမာလေးဆူတို့အား ပင့်ဆောင်လာသော ပန်းမန်မျိုးစုံတို့ဖြင့် တင့်တယ်စွာစီမံထားသည့် ပန်းဆွမ်းအုပ်တော်တင် အထူးမော်တော်ယာဉ်လေးစီးတို့သည် ဥပ္ပါတသန္တိစေတီတော် မြောက်ဘက်မုခ်ဦးသို့ ရောက်ရှိကြရာ အောင်အိုးနှင့် သာသနာ့အလံကိုင်၊ ထီးဖြူတော်ကိုင် ဥပါသကာများ၊ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များက ကြိုဆိုပူဇော်ကြသည်။

တောင်းပန်လျှောက်ထား

ဆက်လက်၍ အခမ်းအနားမှူးက မဟာလေဏာပ္ပဝေသန လိုဏ်တော် အတွင်းရှိဗုဒ္ဓါသနပလ္လင်တော်ထက်ဆီသို့

ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူမည့် မဟာမဏိမယ ဗုဒ္ဓပဋိမာလေးဆူ ပင့်ဆောင်ပူဇော်ခြင်း ဗုဒ္ဓဝေယျာဝစ္စ ကုသိုလ်တော်ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဝင်များ၊လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီများမှ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ဘာသာရေးနှင့်လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

အဆိုပါ မင်္ဂလာအခမ်းအနား၌ အခမ်းအနားမှူးအဖြစ် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဆောင်ရွက်သည်။

အထူး မော်တော်ယာဉ်လေးစီးပေါ်သို့ ပင့်ဆောင်ကြပြီး အခမ်းအနားမှူးက မဟာမဏိမယ ဗုဒ္ဓပဋိမာ ဗုဒ္ဓပူဇာ ဘုရားပင့်ဂါထာကို ဖတ်ကြားပူဇော်ရာ ပရိသတ်အားလုံးတို့က နမောတဿနှင့် ဗုဒ္ဓံသရဏံ ဂစ္ဆာမိ အစချီသော အရိယာ သာဝိတ္တိဂါထာတော်တို့ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြကာ ယဉ်ကျေးမှု ဝန်ကြီးဌာန မင်္ဂလာရွှေစောင်းတော်ယာဉ်၊သာသနာ့အလံကိုင် ဥပါသကာများနှင့် ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့ယာဉ်များ အစဉ်အတိုင်း လိုက်ပါကြလျက် ရာဇဌာနီလမ်းအတိုင်း ဥပ္ပါတသန္တိ စေတီတော်သို့ စတင်ပင့်ဆောင်ပူဇော်ကြသည်။

ပင့်ဆောင်ပူဇော်

ယင်းသို့ ပင့်ဆောင်ပူဇော်စဉ်တွင် မင်္ဂလာရွှေစောင်းတော်အဖွဲ့ကသာယာ ငြိမ့်ညောင်းသောမင်္ဂလာဗမ္မွသံစဉ်များ တီးခတ်ပူဇော်လျက် ပင့်ဆောင်ပူဇော်ကြရာ ရာဇဌာနီ လမ်းတစ်လျှောက် ဝဲယာတို့မှ ဒေသခံပြည်သူများက မဟာမဏိမယ ဗုဒ္ဓပဋိမာလေးဆူတို့အား ပန်းမန်နံ့သာတိုင်များ၊ အောင်သပြေပန်းများဖြင့် သဒ္ဓါဖွေးဖြူ အလေးမူကာ ကပ်လှူပူဇော် ဖူးမြော်ကန်တော့ကြသည်။

ပင့်ဆောင်သည့်ဂါထာကို ဖတ်ကြား၍ မဟာမဏိမယ ဗုဒ္ဓပဋိမာ လေးဆူတို့အား လိုဏ်တော်အတွင်းရှိ ဗုဒ္ဓါသနပလ္လင်တော် အသီးသီးသို့ ကြွရောက်စံပယ် သီတင်းသုံးတော်မူကြပါရန် တောင်းပန် လျှောက်ထားသည်။ ထိုအခါ ပရိသတ်အားလုံးတို့က နမောတဿနှင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ အစ

ပင့်ဆောင်ပူဇော်

ဒက္ခိဏဒိသာတောင်အရပ်ရှိ ဗုဒ္ဓါသနပလ္လင်တော်ထက်၌ ကကုသန္ဓဗုဒ္ဓပဋိမာ မဏိကျောက်မျက်ရတနာ ကျောက်စိမ်းရုပ်ပွားတော်အား ပင့်ဆောင်ပူဇော်ထားစဉ်။

(သတင်းစဉ်)

ရှိသော အရိယာသာဝိတ္တိ ဂါထာတော်တို့ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

ထို့နောက် မဟာမဏိမယ ဗုဒ္ဓပဋိမာ လေးဆူတို့အား ပင့်ဆောင်လာသော ပန်းဆွမ်းအုပ်တော်တင် အထူးမော်တော်ယာဉ်လေးစီးသည် စေတီတော် မြောက်ဘက်မုခ်တော်မှ လိုဏ်တော်အတွင်းသို့ ဝင်ရောက်ပင့်ဆောင်ကြရာ အောင်အိုးကိုင်နှင့် သာသနာ့အလံကိုင် ဥပါသကာများနှင့် ဒေဝါဝင်း၊ ရာဇာဝင်းများ ခင်းကျင်းလိုက်ပါ ပင့်ဆောင်ပူဇော်ကြသည်။

ပလ္လင်ဂါထာဖတ်ကြား

ယင်းနောက် အခမ်းအနားမှူးက ရောင်ခြည်တော်ဖွင့်ပလ္လင်ပင့် ဂါထာကို ဖတ်ကြား၍ မဟာမဏိမယ ဗုဒ္ဓပဋိမာ လေးဆူတို့အား လိုဏ်တော်အတွင်းရှိ ဗုဒ္ဓါသနပလ္လင်တော် အသီးသီး၌ကိန်းဝပ်စံပယ်တော်မူရန်ပန်ကြား လျှောက်ထားသည်။

ထို့နောက် အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး အမှူးပြုသော အဖွဲ့ဝင်များသည် ဒက္ခိဏဒိသာ တောင်အရပ်ရှိ ဗုဒ္ဓါသနပလ္လင်တော်ထက်၌ ကကုသန္ဓ ဗုဒ္ဓ ပဋိမာ၊ ပစ္ဆိမဒိသာ အနောက်အရပ်ရှိ ဗုဒ္ဓါသနပလ္လင်တော်

ထက်၌ ကောဏာဂမန ဗုဒ္ဓ ပဋိမာ၊ ဥတ္တရဒိသာ မြောက်အရပ်ရှိ ဗုဒ္ဓါသနပလ္လင်တော်ထက်၌ ကဿပ ဗုဒ္ဓပဋိမာနှင့် ပုရတ္ထိမဒိသာ အရှေ့အရပ်ရှိ ဗုဒ္ဓါသနပလ္လင်တော်ထက်၌ ဂေါတမ ဗုဒ္ဓပဋိမာမဏိ ကျောက်မျက်ရတနာ ကျောက်စိမ်းရုပ်ပွားတော်များအား ပင့်ဆောင် ပူဇော်ကြပြီး ထီးဖြူနှစ်စင်းစီဖြင့် ဆောင်းမိုးပူဇော်ကြသည်။

ဆက်လက်၍ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဩဝါဒါစရိယ ဆရာတော်များ အမှူးပြုသည့် ဆရာတော်သံဃာတော် ၂၇ပါးတို့သည်မဟာမဏိမယဗုဒ္ဓပဋိမာလေးဆူတို့အား ဘဝတုသဗ္ဗမင်္ဂလံ သုံးဂါထာနှင့် ဇယန္တော ဗောဓိယာမူလေ အစချီသော အောင်ဂါထာတော်များဖြင့် ရွတ်ဆို ပူဇော်တော်မူကြသည်။

အခမ်းအနားဖွင့်လှစ်

ယင်းနောက် မဟာမဏိမယ ဗုဒ္ဓပဋိမာ လေးဆူပင့်ဆောင်ပူဇော်ခြင်း၊ ဗုဒ္ဓဝေယျာဝစ္စ ကုသိုလ်တော်ရေစက်ချမင်္ဂလာအခမ်းအနားကို စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံ၌ကျင်းပရာ ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် နေပြည်တော် လယ်ဝေး ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇနိန္ဒထံမှ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး အမှူးပြုသော ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသော မေတ္တသုတ် အစရှိသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

မဟာမဏိမယ ဗုဒ္ဓပဋိမာလေးဆူတို့အား ပင့်ဆောင်

မဟာမဏိမယ ဗုဒ္ဓပဋိမာလေးဆူတို့အား အထူးမော်တော်ယာဉ် လေးစီးဖြင့် ဥပ္ပါတသန္တိစေတီတော်သို့ ပင့်ဆောင်ကြစဉ်။

(သတင်းစဉ်)

2-3 (08).pmd 1 3/2/2009, 2:47 AM

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများဖြင့် ဖျော်ဖြေတင်ဆက်

နေပြည်တော် မတ် ၁

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို ယမန်နေ့မှစ၍ ဥပ္ပါတသန္တိစေတီတော် တောင်ဘက် ရာဇဌာနီလမ်းအနီးရှိ ပွဲတော်ကွင်း၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယမန်နေ့ ညစနာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ပွဲတော်ကွင်းသို့ ရောက်ရှိလာသည်။

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကျင်းပမည့် အထိမ်းအမှတ် အဖြစ် ပွဲတော်ကွင်းအတွင်း ဈေးဆိုင်ခန်းများ ခင်းကျင်းရောင်းချနေမှုနှင့် ဒေသခံပြည်သူများ ပျော်ရွှင်စွာ လာရောက်ကြည့်ရှုနေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ပွဲတော်ကွင်းအတွင်း ဖျော်ဖြေတင်ဆက်လျက်ရှိသည့် ''အာဇာနည်စန်းစန်း'' ဆပ်ကပ်အဖွဲ့၏ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပွဲတော်ကွင်းအတွင်း ဈေးဆိုင်ခန်းများ ခင်းကျင်းရောင်းချနေမှုနှင့် ဒေသခံပြည်သူများ ပျော်ရွှင်စွာ လာရောက်ကြည့်ရှုနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားကြသည်။

ဖျော်ဖြေ

ပွဲတော်ကာလအတွင်း မြန်မာ့ရုပ်ရှင်လုပ်ငန်းမော်ကွန်းရုပ်ရှင်မှလည်း မြန်မာရုပ်ရှင်ဇာတ်ကားများဖြင့် နေ့စဉ်ပြသသွားမည်ဖြစ်ပြီး ယမန်နေ့ညတွင် ''အမေနို့ဖိုး'' ဇာတ်ကားနှင့် ''နေကမွေးတဲ့လ'' ဇာတ်ကားများဖြင့် ပြသဖျော်ဖြေခဲ့သည်။

အဆိုပါကြည့်ချင်ပွဲများသို့ အများပြည်သူများ အဆင်ပြေချောမွေ့စွာ လာရောက် ကြည့်ရှုနိုင်ရန် အတွက် မော်တော်ယာဉ်လိုင်းများ၊ ပျော်ပွဲရွှင်ပွဲများ၊ ယာဉ်ရပ်နားရန် နေရာများနှင့် ဈေးဆိုင်ခန်းများစီစဉ်ထားရှိပြီး ဘုရားပွဲတော် အကြိုကာလ၏ ပထမနေ့ဖြစ်သောယမန်နေ့ညတွင် ဒေသခံပြည်သူ ၅၀၀၀ကျော် တပျော်တပါးလာရောက်ကြည့်ရှုလျက်ရှိရာ ပွဲတော်ကွင်းအတွင်း ပွဲကြည့်ပရိသတ်များဖြင့်အထူးစည်ကားလျက်ရှိသည်။

ကြည့်ချင်ပွဲများ

ယနေ့ညတွင် ကြည့်ချင်ပွဲများအဖြစ် ''အာဇာနည်စန်းစန်း'' ဆပ်ကပ်အဖွဲ့နှင့်မြန်မာ့ရုပ်ရှင်လုပ်ငန်းမော်ကွန်းရုပ်ရှင်မှ ''ကိုးဆယ်ဆသာလိမ့်မယ်'' ဇာတ်ကားနှင့် ''ပန်းဒဏ္ဍာရီ'' ဇာတ်ကားများဖြင့် ပြသဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်ကြီးအား ညမီးရောင်ဖြင့် ကြည်ညိုဖွယ်ရာ ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော်ထံ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များထံ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် နိုင်ငံတော် သြဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရက ဗုဒ္ဓဝေယျာဝစ္စ ကုသိုလ်တော်အစုစုတို့အတွက် အနုမောဒနာတရားဟောကြားတော်မူပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ပရိသတ်များက လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မုန့်ဆွမ်းဆက်ကပ်လှူဒါန်း

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များအား အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များက မုန့်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

တပျော်တပါး ကြည့်ရှု

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကျင်းပမည့် အထိမ်းအမှတ်အဖြစ် ဖျော်ဖြေတင်ဆက်မှုများကို ဒေသခံပြည်သူများ တပျော်တပါး လာရောက်ကြည့်ရှုကြစဉ်။
(သတင်းစဉ်)

ပြည်တွင်းအခွန် ညွှန်ကြားရေးမှူးချုပ် အခွန်ဦးစီးဌာနမှူးများအား တွေ့ဆုံ

ရန်ကုန် မတ် ၁

ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းသည် ဖေဖော်ဝါရီ၂၈ရက်တွင် ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ် အခွန်ဦးစီးဌာနမှူးများ၊ ခရိုင်အခွန်ဦးစီးဌာနမှူးများနှင့် တိုင်းအခွန် ဦးစီးဌာနမှူးတို့အား လည်းကောင်း၊ မတ်၁ရက်တွင် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး (ရန်ကုန်တိုင်း)ရှိ ဌာနမှူးနှင့် အခွန်မှူးများအား လည်းကောင်း တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ မြို့နယ် အခွန်ဦးစီးဌာနမှူးများနှင့် ကုမ္ပဏီများဆိုင်ရာအခွန်ရုံး (ရန်ကုန်တိုင်း)မှ အခွန်မှူးများက တစ်ဦးချင်း ဆောင်ရွက်နိုင်မှု အခြေအနေများကို တင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်က မကြာမီ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ် ကုန်ဆုံးတော့မည် ဖြစ်ကြောင်း၊ မိမိတို့မြို့နယ်အလိုက်၊ ဌာနစုအလိုက် ခွဲဝေချထားပေးသော လျာထားချက်များကို ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဆောင်ရွက်ရန်အမှုပြီးပြတ်ရေး၊ စည်းကြပ်ပြီး ပေးသွင်းရန် ကျန်ရှိနေသော အခွန်ကြွေးများ အပြေအကြေကောက်ခံရရှိရေး၊ အခွန်လွတ်ကင်း တိမ်းရှောင်နေသူများအား သတင်းရယူ ဖော်ထုတ်စည်းကြပ်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ဥတုရာသီ
တောကိုမှီ၏

ဖျော်ဖြေစရာ

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော် တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိသည့် ပွဲတော်ကွင်းအတွင်း အခြားဖျော်ဖြေစရာများ စီစဉ်ဆောင်ရွက်ပေးထားစဉ်။
(သတင်းစဉ်)



အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဟုမ္မလင်း၊ ဖောင်းပြင်နှင့် မော်လိုက်မြို့နယ်တို့တွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် မတ် ၁

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဖေဖော်ဝါရီ ၂၄ရက်က ဟုမ္မလင်းမြို့ ကမ်းနားလမ်း၌ တည်ဆောက်မည့် မြစ်နွှာတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး လိုအပ်သည်များမှာကြားကာ ဘီလပ်မြေအိတ် ၁၀၀၀ ထောက်ပံ့သည်။

ထို့နောက် ဝန်ကြီးသည် ဟုမ္မလင်းမြို့ တစ်ဖက်ကမ်း ကတ်သာကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာစာကြည့်တိုက်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲတို့ကို ကြည့်ရှုစစ်ဆေးကာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထောက်ပံ့ငွေပေးအပ်

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် နောင်ပိုအောင်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ယာယီတိုက်နယ် ဆေးရုံ၌ တက်ရောက်ကုသနေသည့် လူနာများအား အားပေး၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၂၅ရက်တွင် သောင်သွပ်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ အထက်တန်းကျောင်းခွဲအတွက် ကွန်ပျူတာ တစ်စုံ၊ အားကစားပစ္စည်းများနှင့် ဗလာစာအုပ်တို့ကို ပေးအပ်လှူဒါန်းကာ အထက်တန်းကျောင်းခွဲကို ကြည့်ရှုစစ်ဆေးသည်။

ဖောင်းပြင်

ယင်းနောက် ဝန်ကြီးသည် ဖောင်းပြင်မြို့နယ် ကွမ်းတောင်းကျေးရွာ၌ကျင်းပသည့် ငွေကျပ် ၈၇သိန်းကျော် အကုန်အကျခံတည်ဆောက်ခဲ့သော အေးရိပ်မွန်ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ကျေးရွာခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ဝန်ကြီးသည် ညနေပိုင်းတွင် မော်လိုက်မြို့နယ် ကင်းတပ်ကျေးရွာ အထက်တန်းကျောင်းခွဲ၌ အိုးဘို၊ ကင်းတပ်၊ ဆွတ်နန်း၊ ပဲကဇက်၊ နော်ဇီးခုံ၊ တွန်းပင်၊ မနူနာကျေးရွာ အုပ်စုများမှ ပြည်သူများနှင့် တွေ့ဆုံပြီး ဆောက်လုပ်ဆဲ ကျောင်းဆောင်သစ်အတွက် အမိုးသွပ်အချပ် ၁၅၀၊ နွေစပါးစိုက်ပျိုးစရိတ်များ၊ ရောင်စုံရုပ်မြင်သံကြားစက် တစ်လုံး၊ ကျောင်းသုံး ဗလာစာအုပ်နှင့် အားကစားပစ္စည်းများကို ပေးအပ်သည်။

လှူဒါန်း

ယင်းအခမ်းအနားတွင် ကင်းတပ်ကျေးရွာနှင့် နားပင်ကျေးရွာကျေးရွာချင်းဆက်လမ်းနှင့် တံတားတည်ဆောက်ရန်အတွက် ဟိန်းဇာနည် ရောင်းဝယ်ရေး လုပ်ငန်းရှင် ဦးမြင့်စိုးက ငွေကျပ် ၂၇သိန်း၊ ဟိန်းထက်အောင် ကုမ္ပဏီက ငွေကျပ် တစ်သိန်း၊ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် ဗိုလ်သိုက်နှင့်ညီများ ကုမ္ပဏီက ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြစ်ကြီးနားမြို့ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်စိုးဝင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၁ရက် နံနက် ၇နာရီခွဲက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်ကြီးနားမြို့၏ မြို့တွင်းလမ်းများ သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးဝဲယာတစ်လျှောက်နှင့် လမ်းလယ်ကျွန်းများ၌ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု၊ မြို့မဈေးလေဆိပ်အဝင်မုခ်ဦးနှင့် အားကစားကွင်းတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်ကြီးနားမြို့ တပ်နယ်ခန်းမ၌ မြစ်ကြီးနားတပ်နယ်ရှိ တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံရာ တိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အဝတ်အထည်များကို ပေးအပ်ကြသည်။ **(ယာပုံ)**

ကြံစိုက်ခင်းများ

ဗိုလ်ချုပ်အုန်းမြင့်သည် ညနေပိုင်းတွင် မြစ်ကြီးနားမြို့နယ် ရွှေအိုက်ကျေးရွာအနီး ပြည်ထောင်လမ်းဘေးရှိ မြစ်ကြီးနားတပ်နယ် ဘက်စုံစိုက်ပျိုးခြံ၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ကျွန်း၊ ပျဉ်းကတိုး၊ ရော်ဘာနှင့် ကြံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ဖေဖော်ဝါရီ ၁၇ရက်က ရွှေဘိုမြို့ မဟာနန္ဒာကန်တော် ပြန်လည်ဆယ်တင်ခြင်းနှင့် မြို့ရေပေးရေး လုပ်ငန်းများ ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးချိုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



လှိုင်ကော်၌ ကျေးလက်ဖွံ့ဖြိုးရေး ဆောင်ရွက်

လှိုင်ကော် မတ် ၁

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၆ရက်နံနက် ၉နာရီခွဲက ဖရူဆိုမြို့နယ် ဒေါ်ကူးခူကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအခြေခံပညာမူလတန်းကျောင်းခန်းမ၌ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသများတွင် ဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဒေါ်ညေးခူကျေးရွာနှင့် ဒေါ်ကူးခူကျေးရွာ ကျေးရွာချင်းဆက် အမာခံကျောက်ခင်းလမ်းဆောင်ရွက်ရန် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေကျပ် ၃၀၃၅၀၀၀နှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဒေါ်ကူးခူကျေးရွာ အခြေခံပညာမူလတန်းကျောင်း စာသင်ခန်း တိုးချဲ့ဆောက်လုပ်ရန် အလှူငွေကျပ် ငါးသိန်းတို့ကို ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်က ပေးအပ်လှူဒါန်းပြီး ဗလာစာအုပ်များ၊ စာအုပ်စာစောင်များ၊ အိမ်သုံးဆေးဝါးများနှင့် အားကစားပစ္စည်းများကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

Professional Software Engineer သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁

ကွန်ပျူတာနှင့် သက်ဆိုင်သော ဘွဲ့တစ်ခုခု ရရှိထားပြီးသူများအတွက် အထူးရည်ရွယ်၍ နိုင်ငံတကာအဆင့်မီ Software Development သင်တန်းများကို သင်ကြားပေးနေသော Gusto သင်တန်းကျောင်းမှ လုပ်ငန်းခွင်လက်တွေ့အသုံးချ Professional Software Engineer with C#.Net 3.0 (Pro SE) သင်တန်းကို မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဤသင်တန်းတွင် မြန်မာဘွဲ့ရလူငယ်များ ပြည်တွင်း၊ ပြည်ပ Software လုပ်ငန်းခွင်၌ ဝင်ရောက်လုပ်ကိုင်သောအခါ Programmer တစ်ယောက်အနေဖြင့် မိမိ၏ Career ကို ရပ်တန့်မနေစေဘဲ System Analyst, Software Architect, Project Managerစသည့် အဆင့်မြင့်ရာထူးများအထိ အဆင့်ဆင့် ဝင်ရောက်လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သော Skills နှင့် Knowledges များကို ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်၍ သင်ကြားပေးခြင်းဖြစ်သည်။

အရည်အချင်းပြည့်ဝသော System Analyst တစ်ယောက်အဖြစ် လုပ်ကိုင်နိုင်ရန်အတွက် Object-Oriented Design နှင့် Database Design အစရှိသည်တို့ကို လေ့လာထားရန်လိုအပ်ပြီး UML (Unified Modeling Language) နှင့် စပ်လျဉ်းသည့် Skills & Knowledges များကိုလည်း ဖြည့်ဆည်းထားသင့်သည်။

Team Leader, Project Manager အစရှိသည့် Management ရာထူးများတွင် ဝင်ရောက်လုပ်ကိုင်မည်ဆိုပါက Project များ အချိန်မီပြီးစီးနိုင်ရန်အတွက် Schedule များ ရေးဆွဲခြင်း၊ စရိတ်စကများကို ထိန်းချုပ်နိုင်ရန်အတွက် Cost Control ပြုလုပ်ခြင်းများကို ဆောင်ရွက်ရမည် ဖြစ်သည်။

ထို့အပြင် မိမိကုမ္ပဏီ၏ တာဝန်ရှိသူတစ်ယောက်အနေဖြင့် လူအများနှင့် ပြောဆိုဆက်ဆံခြင်း ၊ ဆွေးနွေးခြင်း၊ လူအများရှေ့တွင်ပြောဆိုခြင်းများကိုလည်း ကျွမ်းကျင်ချောမွေ့စွာ ပြုလုပ်နိုင်ရမည်ဖြစ်သည်။

Application တစ်ခုလုံး Level တွင် Technical Decisions များ ချမှတ်နိုင်သော၊ Software Development လုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် Quality ထိန်းနိုင်သော၊ Software Architect တစ်ယောက်အဖြစ် အောင်မြင်စွာ လုပ်ကိုင်နိုင်ရန်အတွက် ဆိုပါကလည်း GOF Design Patten များကို အသေးစိတ် လေ့လာသိရှိထားသင့်သည်။

ထို့ကြောင့် ဤသင်တန်းတွင် မြန်မာဘွဲ့ရလူငယ်များ ပြည်တွင်း၊ ပြည်ပ Software လုပ်ငန်းခွင်တွင် Programmer တစ်ယောက်အနေဖြင့် သာမက System Analyst, Software Architect, Project Manager အဆင့်အထိ ဝင်ရောက်လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သော Skills နှင့် Knowledges များကို ဖြည့်ဆည်းပေးနိုင်ရန် အဆင့်မြင့်ဘာသာရပ်ကြီး ငါးခုဖြစ်သည့် C#.Net 3.0 Programming Module၊ Database Design and Development Module၊ Object Oriented Analysis and Design with UML Module၊ Design Pattern Module နှင့် Soft Skills Module တို့ကို အသေးစိတ် သင်ကြားပေးမည်ဖြစ်သည်။

အသေးစိတ် အချက်အလက်များကို သိရှိလိုပါက Gusto Professional Training Centre အမှတ်(၁၁) ပထမထပ် ရွှေတောင်တန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၂၀၅၂၊ ၀၉-၅၁-၄၄၈၈၅ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် ၃၆လမ်း(အထက်)တွင် ဖေဖော်ဝါရီ ၂၁ရက်က ရေစီးရေလာ ကောင်းမွန်ရေး၊ သန့်ရှင်းရေးနှင့် သွေးလွန်တုပ်ကွေးခြင်နှိမ်နင်းရေးအတွက် ရေနုတ်မြောင်းအတွင်းရှိ အမှိုက်များရှင်းလင်းရေးကို ရပ်ကွက်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စည်ပင်သာယာရေးနှင့် ကျန်းမာရေးဝန်ထမ်းများဖြင့် ဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့် ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့ ကမ်းနားလမ်း၌ မြစ်နွှာတံတား စတင်တည်ဆောက်နေပြီ။

ဖောင်းပြင်မြို့နယ် ကွမ်းတောင်းကျေးရွာ၌ ကျပ် ၈၇ သိန်းတန် အေးရိပ်မွန်ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်။

ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲမှ မထင်မှတ်သော ရလဒ်များထွက်ပေါ်

စောဂပရေမှူးက ထွန်းထွန်းကိုအလဲထိုး၊ စောငမန်းက ချန်ပီယံလုံးချောကိုအမှတ်ဖြင့် အနိုင်ယူ

သတင်းမြင်ကွင်း
ဇင်လင်းထွန်း(နေပြည်)
ဓာတ်ပုံမှတ်တမ်း
တင်စိုး(မြန်မာ့အလင်း)နှင့် ဖိုးသော်ဇင်
စာမျက်နှာဖွဲ့စည်းမှု
ဉာဏ်ဟိန်းစိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Dagon Brewery Co.,Ltd. ၏ အဓိကကူညီ ပံ့ပိုးမှု၊ Myanmar Media Group ၏ Idea နှင့် Media ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတို့ဖြင့် H&S Group မှ ဦးစိုင်းဇော်ဇော်(ဇော်ပစ်တိုင်းထောင် ဗီဒီယို)က တာဝန်ယူစီစဉ်သည့် ''ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကြီး'' ဒုတိယနေ့ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ညနေ ၃နာရီမှစတင်၍ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပခဲ့ရာ ပထမတန်း ဒဂုံရွှေအောင်လံ ဆီမီးဖိုင်နယ် ပွဲစဉ်တွင် စောဂပရေမှူး(တွံတေး)က ထွန်းထွန်း(အဖြူရောင်သွေးသစ်)ကို တတိယအချီ၌ အလဲထိုး၍လည်းကောင်း၊ အလွတ်တန်း ဒဂုံရွှေအောင်လံ အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် စောငမန်း(Ever Green)က လုံးချော(ညောင်တုန်း)ကို အမှတ် ၃-၀ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိကာ ဧပြီ ၄၊ ၅ရက်တွင် ကျင်းပမည့် ဗိုလ်လုပွဲသို့ တက်ရောက်သွားကြပြီ ဖြစ်သည်။

စောငမန်း(Ever Green)က လုံးချော(ညောင်တုန်း) မျက်နှာကို ဖြောင့်လက်သီး ပစ်သွင်းစဉ်။ (မြန်မာ့အလင်း)

အားလွန်လဲကျ

ပွဲစဉ်ပေါင်း ကိုးပွဲဖြင့် ကျင်းပသည့် ယနေ့ပြိုင်ပွဲကြီးတွင် အလဲထိုးခြောက်ပွဲ၊ သရေ နှစ်ပွဲနှင့် အမှတ်ဆုံးဖြတ်မှု တစ်ပွဲပါဝင်ခဲ့သည်။ ယနေ့ပွဲစဉ်များကိုလည်း ပထမနေ့ကအတိုင်းပင် ခမ်းနားဆန်းပြားသော အစီအစဉ်များဖြင့် ကျင်းပခဲ့သည်။ ပွဲဦးထွက် လေးချီပွဲနှစ်ပွဲတွင် ပြည့်စုံအောင်(ရက္ခဗျာလ)၏ အလုံးအရပ် ပတ်လည်စီး သာနေခြင်းကို စောသာဖို(မြန်မာသွေးသစ်)က မရှုံ့မကြောက် အသည်းချင်း ယှဉ်ပေါက်သော်လည်း လက်သီးထိချက်ချင်း မယှဉ်သာသဖြင့် ဒုတိယအချီ ၂မိနစ် ၉စက္ကန့်၌ ညာဖြောင့်ထိမှန် အနားတောင်းခဲ့ရပြီး တတိယအချီ ၁မိနစ် ၃၇စက္ကန့်တွင် ပင့်လက်သီးဒဏ် ခံရသောကြောင့် အရှုံးပေးလိုက်ရသည်။ စလုကာ(မိုးသောက်ကြယ်)ကို ညာဖြောင့်အပိုင်ပစ်ထိုးရင်း အားလွန်လဲကျ၍ ညာလက်မ ခေါက်သွားသော သန်းအောင်(ဒေါင်းမြန်မာ)က ပထမအချီ ၅၅စက္ကန့်၌ပင် စင်ပေါ်မှဆင်းလိုက်ရသည်။

အထူး ငါးချီစိန်ခေါ်ပွဲများနှင့် ဝမ်းတူး(ဒေါင်းမြန်မာ)ကို အလုံးအရပ်သာသော ဘနစ်လေး(အလင်းရောင်)က တတိယအချီအထိ ဘယ်ညာတွဲလုံးများဖြင့် ဖိထား သော်လည်း မာဂုဏ်မြင့်လှသော ဝမ်းတူးက စတုတ္ထနှင့် ပဉ္စမအချီများတွင် ဘယ်ကန့် လန့်(ဂလန့်) ဒူးများ၊ ညာတံတောင်ရိုက်ချက်များဖြင့် တင်ရန်းသည့်အတွက် ဘနစ်လေး မှန်းချက်မကိုက်ဘဲ သရေပွဲဖြစ်ခဲ့သည်။

ပွဲသိမ်း

ပွဲစဉ် (၄)တွင် ရန်ဆက်နိုင်(တောင် ကလေး) ကို နိုင်ပန်းစိန်(မြန်မာသွေးသစ်)က ဘယ်ထောက်ညာဖြောင့်များဖြင့် အပိုင်စောင့်ထိုးသော်လည်း ရန်ဆက်နိုင်၏အား ပါသောဘယ်ပင့်ဒူးကြောင့် ပထမအချီ ၁မိနစ် ၁၅ စက္ကန့်၌ပင် နိုင်ပန်းစိန် အနားတောင်းခဲ့ရပြီး ဒုတိယအချီ ၁မိနစ် ၄၀ စက္ကန့်တွင် တွဲလုံးဆက်တိုက်အထိုးခံရသည့်အပြင် ချုပ်ဒူးဆင့်၍ ပွဲသိမ်းခံလိုက်ရသည်။

ပွဲစဉ် (၅)တွင် ဒေါင်းသည်းခြေ(နှစ်ရှည်ဥယျာဉ်ခြံ မြိုင်ကြီးငူ) နှင့် ရှမဝ (ဒေါင်းမြန်မာ)တို့ အသည်းချင်းတည် ဖွဲချင်းချည်၍ အပြိုင်ရုန်းကြသော်လည်း မည်သူ့ဘက်မှမပါဘဲ သရေပွဲဖြစ်သွားသည်။

အနိုင်ပေး

ပွဲစဉ် (၆)တွင် အရပ်မြင့်သော ကျန်စစ်အောင်(မြို့တော်စည်ပင်)၏ အပူးအချုပ်၌ ခြေကန့်လန့်လှဲကာ ခေါင်းဖြင့်မေးချသော ကပ်ဖိသတ်ကွက်မိ၍ စစ်အောင် (နှစ်ရှည် ဥယျာဉ်ခြံ၊ မြိုင်ကြီးငူ) မူးဝေသွားပြီး အမှတ်စဉ်အရေခံခဲ့ရသည်။ သို့ရာတွင် စစ်အောင်က ကျန်စစ်အောင်၏ ဖေးဘရိတ် ဘယ်ထောက်လက်သီးများအထိအရှခံ၍ ဝင်ချုပ်ပြီး ဘယ်ဒူးဖြင့် ဘေးကိုရိုက်သည်။ အချုပ်အတိုက်ပညာခန်းတွင် မယှဉ်နိုင် မှန်းသိသော ကျန်စစ်အောင်က အကပ်မခံဘဲ ထောက်ဖြောင့်တွဲလုံးများ၊ နင်းခြေ၊ ဆို့ခြေများမှတစ်ဆင့် ကောင်တာတိုက်စစ်ဖွင့်သည်။ စစ်အောင်က ကျန်စစ်အောင်၏ လက်သီးတွဲလုံးများကို အကြည့်ရဲရဲဖြင့် ရှောင်တိမ်းရင်း အနီးကပ်သတ်ကွက်ဖော်သည့်အတွက် ပရိသတ် လက်ခုပ်သံရသော ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။ စစ်အောင်၏ မနားတမ်း ပူးကပ်ချုပ် တိုက်မှုများကြောင့် သက်လုံကျလာသော ကျန်စစ်အောင်သည် ပဉ္စမအချီ ၁ မိနစ် ၄၈ စက္ကန့်တွင် လက်သီးတွဲလုံးနောက်မှ ထပ်ကြပ်ဆောင့်တိုက်သော စစ်အောင်၏ ခေါင်းဆတ် တိုက်ကွက်ကြောင့် အရှုံးပေးလိုက်ရသည်။

ပွဲစဉ်(၇)တွင် ကြိုးသမ္မာရင့်သော စွမ်းအားရှင်(နှစ်ရှည်ဥယျာဉ်ခြံ၊ မြိုင်ကြီးငူ)က သပ်ရပ်တိကျသော ညာဖြောင့်လက်သီးများ တဖြောင်းဖြောင်းထိအောင်ထိုးသော်လည်း သာမန်လူများထက် မေးရိုးတစ်ဆခန့် ပိုကြီးသော ဂျောကြီးနိုင်ထူးလွင် (တောင်ကလေး)က လျှာထုတ်၍ပင် ပြောင်ပြနေသေးသည်။ လူကောင်ချင်း မကွာလှသော်လည်း ခွန်အားကောင်းသော နိုင်ထူးလွင်က မျက်နှာကိုရင်း၍ အတင်းဝင်ကပ်ကာ ချုပ်ဒူးများတိုက်သည်။ မတိုက်သာလျှင် ညာ လက်သီးဖြင့် နံရိုးကိုထုသည်။ အခွင့်သာလျှင် အရှိုက်ထဲသို့ ဘယ်ညာ လက်သီးတွဲကပ်ထည့်သည်။ ထို့ကြောင့် တတိယအချီ ၂ မိနစ် ၄၈ စက္ကန့်၌ စွမ်းအားရှင် အနားတောင်းရပြီး စတုတ္ထအချီ ၁မိနစ် ၅၅စက္ကန့်တွင် နိုင်ထူးလွင်၏ ဆွဲချုပ် ခေါင်းဆတ် သတ်ကွက်မိ၍ ဘယ်မျက်ခုံးကွဲသည့်အပြင် ထပ်ဆင့်သော ဘယ်ပတ်ခြေကြောင့် ပြန်မထနိုင်တော့ပေ။

ပထမတန်း အောင်လံလုပွဲတွင် စောဂပရေမှူး၏ ညာဝိုက်လက်သီး ထွန်းထွန်း မျက်နှာကို ထိမှန်ခဲ့စဉ်။ (မြန်မာ့အလင်း)

လုံးချော(ညောင်တုန်း)နှင့်ပွဲအပြီး လက်ဝှေ့သမားဟောင်း ဝမ်ချိုင်းနှင့်အတူ စောငမန်း အောင်ပွဲခံစဉ်။ (မြန်မာ့အလင်း)

အနားတောင်း

ပွဲစဉ်(၈)၌ ယှဉ်ပြိုင်ကြသော ပထမတန်း ဒဂုံရွှေအောင်လံ အကြိုဗိုလ်လုပွဲတွင် စောဂပရေမှူး(တွံတေး)က မျှော်စင်ကျွန်းက လက်သီးပွဲမှ ပူပူနွေးနွေး ရှုံးကြွေးဆပ်နိုင် သည့်ပြင် ဗိုလ်လုပွဲသို့ပါ တက်နိုင်သောကြောင့် တစ်ချက်နှစ်ချက် ပြတ်ရလဒ်ပေါ်ခဲ့သည်။ ၄င်းတို့နှစ်ဦး ကြိုးဝိုင်းထဲသို့မဝင်မီ ပရိဂျက်တာ ပိတ်ကား၌ မျှော်စင်ကျွန်းက လက်သီးပွဲမှ Hight Light ပြကွက်များကို ထုတ်လွှင့်ပေးထားသည်။ ထိုပြကွက်များတွင် ပထမနှင့် ဒုတိယအချီများ၌ စောဂပရေမှူးက စူးနစ်မြန်ဆန်သော ဘယ်ထောက် ညာဖြောင့် လက်သီး များဖြင့် ဖိစီးထားနိုင် သကဲ့သို့ပင် ယခုပွဲ၌ စောဂပရေးမှူး၏ ဘယ်ထောက်ဖြင့် အာရုံပေး လျက် တစ်ဆက်တည်းပင့်သော ညာလက်သီး အပိုင်ထိကာ ပထမအချီ ၁မိနစ် ၅၈ စက္ကန့်တွင် ထွန်းထွန်း အနားတောင်းလိုက်ရသည်။

ဒုတိယအချီတွင် ထွန်းထွန်းက စောဂပရေမှူး၏ တွဲလုံးများကြားမှ တိုင်ပင်ကိုက် ဘယ်ထောက်လက်သီးထိုးသည်။ သူ၏ဖေးဘရိတ် ဘယ်ကန့်လန့်ဒူးဖြင့် စောဂပရေမှူး နံကြားကို ပစ်သွင်းသည်။ ထိုအခါ အသက်ငယ်သေးသော်လည်း အခန်းပျက်နေသည့် ဘက်ထရီအဟောင်းအလား အားကုန်လွယ်သော စောဂပရေမှူး ကယိမ်းကယိုင်ဖြစ်လာပြီး အမှတ်စဉ်အရေခံရသည်။ အချီကြားတွင် အနားရလိုက်သောအခါ စောဂပရေမှူး တတိယ အချီ၌ အနည်းငယ်ပြန်လန်းလာပြီး လက်သီးတွဲလုံးများဖြင့် ပြန်ဖိလာသည်။ အပိုင် အထိခံရသော အချက်များရှိသော်လည်း ထွန်းထွန်းက နောက်ဆုတ်လှည့်ပတ်ရန် မကြိုးစား တော့ဘဲ သူလဲကိုယ်လဲ ပြိုင်ထိုးသည့်အတွက် လက်သီးပါဝါပိုပြင်းသော စောဂပရေမှူး ၏အကြိုက်ဖြစ်သွားပြီး ထွန်းထွန်းအထိနာလာသည်။ အမှတ်စဉ် နှစ်ကြိမ်အရေခံရသည့် အပြင် တတိယအချီ ၂မိနစ်၃၃စက္ကန့်၌ ညာဖြောင့်လက်သီးဖြင့် ပွဲသိမ်းခံလိုက်ရသည်။

ပထမဆုံးအကြိမ်

ယခုပွဲ၌ အနိုင်ရလိုက်သော စောဂပရေမှူးသည် ဧပြီ၄/၅ရက်တွင် ကျင်းပမည့် ပထမတန်း ဒဂုံရွှေအောင်လံဗိုလ်လုပွဲတွင် တွေ့မရှောင် (KLN)နှင့် ယှဉ်ပြိုင်ရတော့မည်ဖြစ် သည်။ အောင်လံမရသည့်တိုင် ဆုကြေးငွေကျပ်၁၈သိန်းဆိုသည်က ၄င်း၏လက်ဝှေ့ သမားဘဝ၌ ပထမဆုံးအကြိမ် အများဆုံးရသည့်ဆုကြေး ဖြစ်သွားသည်။

အနိုင်ပေး

ယနေ့ နောက်ဆုံးပွဲကြီးဖြစ်သော လုံးချော(ညောင်တုန်း)နှင့် စောငမန်း(Ever Green)တို့ပွဲ၌ ပထမအချီတွင် လုံးချောက အသာစီးရနေဟန်ရှိသော်လည်း စောငမန်းက ဒုတိယနှင့် တတိယအချီများတွင် ပါဝါရှိသော ညာဖြောင့်လက်သီးတစ်လုံး အပိုင်ထိုး၍ ဝင်ဖက်ကာ ဒူးဖြင့်ကပ်ရိုက်ခြင်း၊ ရုတ်တရက် ဘယ်ထောက်ဝင်ထိုး၍ ညာဖြောင့် ဆင့်ဆင့်ထိုးခြင်းများဖြင့် တိုက်စစ်ကိုဦးဆောင်သည်။ ယခုပွဲတွင် စောငမန်းက ပါးနပ်စွာ ဖြင့် လက်သီးထိချက်များ အောင်ထိုးပြီး အထိုးမခံရစေရန် ဝင်ကပ်ထားခြင်း၊ လုံးချောက တွဲလုံးဖြင့် လိုက်ဖိလျှင်လည်း တန်းလျောက်၊ ဝိုင်းပတ်ဆုတ်ကာ အလွတ်ရှောင်ခြင်း ပြုလုပ်သည်။ စိတ်မရှည်တော့သည့် လုံးချောက အကျဉ်းရောဒူးထည့်သဖြင့် ပရိသတ်များ ဆူပူအော်ဟစ်ကြပြီး ခုံဒိုင်ချုပ်က ပြင်းထန်စွာသတိပေးသည်။ ပဉ္စမအချီတွင် လုံးချောက ပွဲဖြတ်ရန် ကြိုးစားသကဲ့သို့ စောငမန်းက ဖမ်းချုပ်နောက်လှန်ဖွပ်ချသော သတ်ကွက်ဖြင့် ပွဲသိမ်းရန်ကြိုးစားသည်။ လုံးချော၏ တွဲလုံးများ၊ ပင့်လက်သီးများက စောငမန်းကို ထိရှ မှုရှိသော်လည်း ရှေ့အချီများတွင် စောငမန်းပါးနပ်စွာ ရယူထားသော အမှတ်များကို ပြန်မလုနိုင်တော့သဖြင့် ပွဲအပြီး၌ အမှတ်ပေးဒိုင် သုံးဦးစလုံးက စောငမန်းကို အနိုင်ပေး လိုက်သည်။ သို့ဖြစ်၍ စောငမန်းသည် ဧပြီ ၄၊ ၅ရက် တွင်ကျင်းပမည့် ဒဂုံရွှေအောင်လံ အလွတ်တန်း နောက်ဆုံးအလံလုပွဲ၌ ရန်ကြီးအောင်(မြို့တော်စည်ပင်) နှင့် ရင်ဆိုင် ရတော့မည်ဖြစ်သည်။

ယခု ဒဂုံရွှေအောင်လံလုပွဲကြီးသည် ပရိသတ်များ ထင်မှတ်မထားသည့် ခမ်းနား ဆန်းပြားသော အစီအစဉ်များဖြင့် တင်ဆက်လိုက်သကဲ့သို့ ပရိသတ်ထင်မှတ်မထားသော ရလဒ်များပေါ်ထွက်ကာ မြန်မာပြည်ချန်ပီယံဆိုသူနှစ်ဦးစလုံး (ရွှေဆိုင်းနှင့် လုံးချော)တို့ ဆီမီးအဆင့်မှ ထွက်ခွာခဲ့ရကြောင်း တွေ့ရသည်။ ။ **(မြန်မာ့အလင်း)**

စောငမန်း ၏ ကန်ချက်

စောငမန်း၏ ဘယ်ခြေ ကန်ချက်ကို လုံးချော (ညောင်တုန်း)က ဤသို့ ကာကွယ် ခဲ့ရသည်။ (မြန်မာ့အလင်း)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ — ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။

(၂) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) — ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၃) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) — ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ကားလင်းဖလားဆွတ်ခူးပြီးနောက် မန်ယူကစားသမားများ ဤသို့အောင်ပွဲခံခဲ့ကြသည်။ (အင်တာနက်-ဓာတ်ပုံ)

မန်ယူတို့ ဝင်ဘာလေတွင် ပယ်နယ်တီဖြင့် အောင်ပွဲခံ ကားလင်းဖလားကို အိုးထရက်ဖို့ဒ်သို့ သယ်ဆောင်နိုင်ခဲ့

ဖောင်ပိတ်အားကစားသတင်း - မောင်မောင်မြင့်ဆွေ

လန်ဒန် မတ် ၁

ကားလင်းဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဝင်ဘာလေကွင်း၌ မတ်၁ ရက်က မန်ယူနှင့်စပါးတို့အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာမန်ယူကပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သဖြင့် ကားလင်းဖလားကို ဖာဂူဆန်တို့ သိမ်းပိုက်ပြီး အိုးထရက်ဖို့ဒ်သို့ သယ်ဆောင်နိုင်ခဲ့ကြသည်။

ရင်ဆိုင်

ဖာဂူဆန်သည် တိုက်စစ်တွင် ဝဲလ်ဘတ်နှင့် တီဗက်ဇ်တို့အတွဲကိုတင်ပြီး နာနီ၊ ဂစ်ဆင်၊ စီရိုနယ်ဒိုနှင့် ပေါလ်စခိုးတို့ကို ဝိုင်းရံစေခဲ့သည်။ စပါးက တိုက်စစ်တွင် ပါဗလူချင်ကိုနှင့် ဒါရင်ဘင့်၊ ကွင်းလယ်တွင် မိုဒရစ်၊ ဇိုကိုရာ၊ ဂျီနက်စ်နှင့် လီနွန်တို့ကို ထုတ်သုံးကာ မန်ယူကို ရင်ဆိုင်ခဲ့သည်။

ကာကွယ်

မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုနှင့် နာနီတို့ ကန်သွင်းချက်များ ဘေးထွက်ခဲ့သလို အပိုင်ကန်သွင်းချက်အချို့ကို စပါးဂိုးသမား ဂိုမက်စ် ကာကွယ်သွားနိုင်ခဲ့သည်။ ထို့အတူ စပါးတိုက်စစ်မှူး၏ အပိုင်ကန်သွင်းချက်များကို မန်ယူဂိုးသမား ဘင်ဖော်စတာက ကာကွယ်နိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲချိန်အတွင်း မန်ယူက ၅၆မိနစ်၌ ဝေါဘတ်အစား အန်ဒါဆင်၊ ၇၆မိနစ်၌ အိုရှေးအစား ဗီဒစ်ကို ထည့်သွင်းကစားခဲ့သည်။

စပါးအသင်းကမူ ဘောလုံးသမား အပြောင်းအလဲမပြုလုပ်ဘဲ ကစားခဲ့သည်။ မိနစ် ၆၀၌ တီဗက်ဇ်၏ ကန်သွင်းချက်၊ ၇၈မိနစ်၌ အီဗရာ၏ ကန်သွင်းချက်များ မသေချာခဲ့မှုကြောင့် မန်ယူတို့ ပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းခဲ့သဖြင့် အချိန်ပိုကစားခဲ့ရသည်။

ပယ်နယ်တီအဆုံးအဖြတ်

အချိန်ပိုမိနစ်၃၀ ဆက်လက်ကစားခဲ့သော်လည်း မန်ယူနှင့် စပါးတို့ ဂိုးမသွင်းနိုင်ဘဲဖြစ်ခဲ့ရာ ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရသည်။

ပယ်နယ်တီငါးလုံးစီ ကန်သွင်းရာ မန်ယူမှ ဂစ်၊ တီဗက်ဇ်၊ စီရိုနယ်ဒိုနှင့် အန်ဒါဆင်တို့ ဂိုးဝင်အောင်သွင်းယူနိုင်ခဲ့သော်လည်း စပါးမှ ဂျိမ်းအိုဟာရာနှင့် ဘန်တလေတို့ ပယ်နယ်တီလွဲချော်ခဲ့ကြသည်။ ထို့ကြောင့် မန်ယူက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ကားလင်းဖလားကို ထိုက်တန်စွာ ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်သည်။

ဆွတ်ခူးနိုင်

မန်ယူသည် ကားလင်းဖလားကို ဆွတ်ခူးနိုင်ခဲ့သဖြင့် ယခုနှစ် ဘောလုံးရာသီ၌ ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံဖလားနှင့် ကားလင်းဖလားနှစ်လုံးကို ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်သည်။

(အင်တာနက်)

မန်စီးတီးတို့ အဝေးကွင်းတွင် ရှုံးပွဲကြုံ ဘောလ်တန်တို့ အိမ်ကွင်း၌ နိုင်ပွဲရ

မောင်ချစ်ကြည် ရေးသား၍ ❖ တိုးလွင် စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မတ် ၁

ပရီမီယာလိဂ် ပွဲစဉ်(၂၇) လက်ကျန်ပွဲစဉ်များကို မတ် ၁ရက်က ဆက်လက်ယှဉ်ပြိုင်ရာ မန်စီးတီးတို့ အဝေးကွင်း၌ ရှုံးပွဲကြုံပြီး ဘလက်ဘန်းက ဟူးလ်စီးတီးကွင်း၌ နိုင်ပွဲရအောင် ကစားနိုင်ခဲ့သည်။

ဝက်စ်ဟမ်းနှင့် မန်စီးတီး

မန်စီးတီးတို့ အဝေးကွင်း၌ ခြေစွမ်းပြနိုင်ခဲ့သော်လည်း တိုက်စစ်မှူးများဖြစ်သည့် ဘယ်လာမီနှင့်ရော်ဘင်ဟိုတို့ အပိုင်ကန်သွင်းခွင့် အခွင့်အရေးမရရှိခဲ့ပေ။ ဝက်စ်ဟမ်းတို့က အိမ်ကွင်း၌ မန်စီးတီးတိုက်စစ်ကို ဟန့်တားရင်း အပိုင်ကန်သွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့ရာမှ ၇၁မိနစ်၌ဝက်စ်ဟမ်းကွင်းလယ်ကစားသမား ကိုလီဆန်က တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူခဲ့သဖြင့် မန်စီးတီးတို့ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ဘောလ်တန်နှင့် နယူးကာဆယ်

နယူးကာဆယ် တိုက်စစ်မှူးများက ဘောလ်တန်နောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်ကစားနိုင်ခဲ့ပြီး အပိုင်ကန်သွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့သော်လည်း ဘောလ်တန်ဂိုးသမား ဂျာစကီလိုင်နင် အစွမ်းပြကာကွယ်သွားနိုင်ခဲ့သဖြင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ ဘောလ်တန်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မူအမ်ဘာအစား ဝင်ရောက်ကစားသည့် ဂတ်နာက ၄၇မိနစ်တွင် ဂိုးသွင်းယူခဲ့ခြင်းကြောင့် ဘောလ်တန်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဟူးလ်စီးတီးနှင့် ဘလက်ဘန်း

ဘလက်ဘန်းတို့က ရသည့်အခွင့်အရေးကို အပြည့်အဝအသုံးချခဲ့ခြင်း ဖြစ်သည်။ ဘလက်ဘန်းအတွက် ၃၄မိနစ်၌ ကွင်းလယ်ကစားသမား ဝါနော့ခ်က တစ်ဂိုးသွင်းယူခဲ့ပြီး ၃၆ မိနစ်တွင် တိုက်စစ်မှူး အင်ဒရူးစ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် ဘလက်ဘန်းတို့ နှစ်ဂိုးရရှိခဲ့သည်။ ဟူးလ်စီးတီးအတွက် ချေပဂိုးကို ၇၉မိနစ်၌ ကွင်းလယ်ကစားသမား ကီဗင်ကီဘာနီက သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ ယခုပွဲ၌ ဟူးလ်စီးတီးမှ မာနေနှင့် ဘလက်ဘန်းမှ ပီဒါဆင်တို့ အနီကတ်ပြ အထုတ်ခံရပြီး ဘလက်ဘန်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဗီလာနှင့်စတုတ်တို့ပွဲ၌ နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ **(အင်တာနက်)**

ပရီမီယာလိဂ်ပွဲစဉ်(၂၇)အပြီး အသင်းများ၏ ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	မန်ယူ	၂၆	၁၉	၅	၂	၆၂
၂	ချယ်လ်ဆီး	၂၇	၁၆	၇	၄	၅၅
၃	လီဗာပူး	၂၇	၁၅	၁၀	၂	၅၅
၄	ဗီလာ	၂၇	၁၅	၇	၅	၅၂
၅	အာဆင်နယ်	၂၇	၁၂	၁၀	၅	၄၆
၆	အဲဗာတန်	၂၇	၁၂	၈	၇	၄၄
၇	ဝက်စ်ဟမ်း	၂၇	၁၀	၆	၁၁	၃၆
၈	ဝီဂန်	၂၇	၉	၈	၁၀	၃၅
၉	ဖူလ်ဟမ်	၂၆	၈	၁၀	၈	၃၄
၁၀	ဘောလ်တန်	၂၇	၁၀	၃	၁၄	၃၃
၁၁	မန်စီးတီး	၂၇	၉	၅	၁၃	၃၂
၁၂	ဆန်းဒါးလန်း	၂၆	၈	၇	၁၁	၃၁
၁၃	ဟူးလ်စီးတီး	၂၇	၇	၈	၁၂	၂၉
၁၄	စပါး	၂၆	၇	၇	၁၂	၂၈
၁၅	နယူးကာဆယ်	၂၇	၆	၁၀	၁၁	၂၈
၁၆	ပို့စ်မောက်	၂၆	၇	၇	၁၂	၂၈
၁၇	ဘလက်ဘန်း	၂၆	၆	၈	၁၂	၂၆
၁၈	မစ်ဒယ်ဘရော့	၂၇	၆	၈	၁၃	၂၆
၁၉	စတုတ်	၂၇	၆	၈	၁၃	၂၆
၂၀	ဝက်စ်ဘရွန်း	၂၇	၆	၄	၁၇	၂၂

(အင်တာနက်)

ဝန်ကြီးဒေါက်တာကျော်မြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကြည့်ရှု

နေပြည်တော် မတ် ၁

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉နာရီတွင် မန္တလေး ချမ်းအေးသာစံမြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ပေးအပ်

ယင်းနောက် ကျန်းမာရေးဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလင်းလင်းချစ်က လက်ခံသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေး မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ မြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့မှ မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးများ၏ အခမဲ့ ခွဲစိတ်ကုသပေးမှုကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ကုသမှုခံယူ

အဆိုပါ ဆေးရုံကြီးသို့ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်း အသီးသီးရှိ မြို့နယ်၊ ကျေးရွာများမှ မျက်စိဝေဒနာရှင်များ လာရောက်ကုသမှု ခံယူခဲ့ကြသည်။

ဖေဖော်ဝါရီ၁၇ရက်မှ ၂၂ရက်အထိ ဆေးရုံကြီး ပြင်ပလူနာဌာနသို့ လာရောက်ပြသသည့် မျက်စိရောဂါလူနာ စုစုပေါင်း ၂၅၄၄ဦး၊ ဆေးရုံတက်ရောက်ကုသသူ မျက်စိလူနာ ၅၉၈ဦး၊ မျက်ကပ်မှန်ထည့်ပေးသည့် လူနာ ၅၁၄ဦး၊ အသေးစားခွဲစိတ်ကုသပေးသည့် လူနာ ၁၇၇ဦးနှင့် မျက်စိရောဂါ အကြီးစား ခွဲစိတ်ပေးသည့် လူနာခြောက်ဦးရှိခဲ့ပြီး မျက်စိရောဂါလူနာများအား ဆေးရုံကြီး၌ ဆက်လက်ကုသပေးလျက်ရှိသည်။

ဖြည့်ဆည်းမှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ငါးထပ်ဆေးကုသဆောင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဩဘာလမ်း၊ အမှတ် ၅၉(ဘီ)နေ
ဦးတင်မောင်မြင့် ဦးစီးမှူး(ငြိမ်း)၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး
(Supervisor, Htun Win Aung Group)-ဒေါ်နန်းဝင်းမြင့်တို့၏ သားထွေး

စိုင်းဇော်လင်းထွေး B.E (Electronic) (YTU)

D.B.A(U.K), M.Sc (Project Management) University of Sunderland,U.K,
Design & Simulation Engineer
(Nissan Motor Manufacturing Ltd. Sunderland, U.K)

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ လေဆိပ်ရိပ်သာလမ်း၊ အမှတ် ၂၁ နေ
Captain ဝင်းသိန်း (Master Mariner, World Wide)-ဒေါ်တင်တင်ဝင်း တို့၏
တစ်ဦးတည်းသောသမီး

မစုလှိုင်ဝင်း B.E (Electronic) (YTU)

M.Sc(Mechatronics) National University of Singapore
Software Engineer,(CEI Contract Manufacturing Ltd.Singapore)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၁-၃-၂၀၀၉ရက် (တနင်္ဂနွေနေ့)တွင် တာမွေမြို့နယ် တရားသူကြီးဒေါ်ခင်ခင်ဆွေ၏ ရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် စိုင်းဇော်လင်းထွေး-မစုလှိုင်ဝင်း။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မကွေးမြို့နေ ဦးခင်မောင်စိန်(ဦးစီးမှူး-ငြိမ်း၊သမဝါယမဦးစီးဌာန)-ဒေါ်ခင်သန်းဝင်း(အထက်တန်းရှေ့နေ)
တို့၏ တစ်ဦးတည်းသောသား

မောင်နန္ဒာဖြိုးဝင်း (ခ) နန္ဒ B.A (Eng), 2nd Mate (FG)

နှင့်

ရန်ကုန်မြို့နေ ဦးခင်လှိုင်-ဒေါ်ရီရီသန်း(ရွှေနဂါးမှန်နှင့် အလူမီနီယံလုပ်ငန်း) တို့၏သမီးဦး

မရီတာလှိုင် B.Com

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်ဖြင့် ၂၇-၁၂-၂၀၀၈ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်နန္ဒာဖြိုးဝင်း(ခ)နန္ဒ-မရီတာလှိုင်။

လက်ထပ်ပြီးစီးခြင်း

တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နေ
ဦးစိန်လှ(မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ခင်ခင်စမ်းတို့၏သားကြီး

မောင်ထက်အောင် A.G.T.I Civil, B.A (Eco) နှင့်

မန္တလေးမြို့၊ ၁၉ လမ်း၊ နန်းရှေ့၊ မြရည်နန္ဒာခြံနေ ဦးကျော်ဝင်း-ဒေါ်စုစုခင်တို့၏ သမီးကြီး

မစုနန္ဒာကျော်

(B.A Business Management, Dip in Business Studies, Dip in Business Law)

တို့သည် နှစ်ဖက်မိဘများ၏ခွင့်ပြုချက်အရ လက်ထပ်ပြီးစီးပါ၍ ၆-၂-၂၀၀၉ ရက်တွင် လောင်းလုံးမြို့ သာသနာ့ပါလမြို့လယ်ကျောင်းတိုက်တွင် မင်္ဂလာဦးဆွမ်းကပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ထက်အောင်-မစုနန္ဒာကျော်။





မင်္ဂလာဆည်ခံပွဲကျေးဇူးတင်လွှာ

ကော့သောင်းမြို့၊ အဏ္ဏဝါရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်၂၈နှင့်
ရန်ကုန်မြို့၊ အမှတ်၂၉၊ ပထမထပ်၊ လမ်းမတော်မြို့နယ်၊ ၄လမ်းနေ
ဦးတင်စိန်-ဒေါ်မြမြစန်းတို့၏ တစ်ဦးတည်းသောသား

မောင်စည်သူတင် B.A (Eco)

နှင့်

ရန်ကုန်မြို့၊ အမှတ် ၂၁၉၊ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနေ
(ဦးတင်ဝင်းရှိန်)-ဒေါက်တာစိုးစိုးပိုင်(ဘွဲ့လွန်ကထိက-ခန္ဓာဗေဒဌာန၊
ဆေးတက္ကသိုလ်၊မန္တလေး)တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာတင်တင်ဝေ M.B.,B.S (Ygn)

တို့၏ ၂၈-၂-၂၀၀၉ရက်တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာဆည်ခံပွဲတွင် မင်္ဂလာပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် ဇနီး ဒေါ်ထုဆိုင်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာမြင့်သိန်းနှင့် ဇနီး၊ ဦးနှောက်နှင့်အာရုံကြော အထူးကုသမားတော်ကြီး ပါမောက္ခဒေါက်တာ မိမိချိုတို့အားလည်းကောင်း၊ ၂၁-၂-၂၀၀၉ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်းတရားရုံး တွဲဖက်တိုင်းတရားသူကြီး ဦးခင်မောင်ဌေးအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မမေသက်ထွန်း၊ မင်္ဂလာပန်းကြဲပေးသော တူမလေး သဉ္ဇာထက်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဗန်းကိုင်ဆောင်ပေးသော မနန်းဥမ္မာမျိုး၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မမီမီဇော်၊ ရှေ့လျှောက်ပေးသော မောင်လေးမောင်စိုပြေတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ စီစဉ်ပေးသော Memory မှ မမီးမီး၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးရှင် ဒီဇင်ဘာနှင်းနှင့် အဖွဲ့၊ မင်္ဂလာဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော The Aces Band ၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့် မောင်စည်သူတင်-ဒေါက်တာတင်တင်ဝေ။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)

ဧဝ

မျိုးစုံ

မျိုးကွဲတွေ

ကြွယ်ဝစေဖို့

သဘာဝ

တောတွေ

ထိန်းသိမ်းစို့

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၅က/၈၆၃၇ Toyota Corolla KE74 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်မေဝင်း ၁/မညန(နိုင်)၀၀၁၆၇၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မူဆယ်မြို့)။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်မကန/၁၇၄၉ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းထွဋ် ၁/မကန(နိုင်) ၁၀၇၁၈၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနားမြို့)။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၁၂၇၁၄ ယာဉ်လက်ဝယ်ရှိသူဒေါ်အားရန် ၁/မကန(နိုင်) ၀၀၁၅၄၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် တင်ပြသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန ၊ပြည်နယ်ရုံး (မြစ်ကြီးနားမြို့)။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်မကန/၁၂၅၈၃နှင့် မကန/၁၂၅၈၅ တို့ကို ယာဉ်လက်ဝယ်ရှိသူ U HAW HWE FAN ၁/မကန(ပြ) ၀၀၀၂၁၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် တင်ပြသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနားမြို့)။



အမည်ပြောင်း

အဖဦးတင်အောင်၏သားအထက (၈) အေးသာယာ ပဒ္မမတန်းမှ မောင်အာကာထက်အား ယနေ့မှစ၍ မောင်အောင်ဖြိုးသန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ဖြိုးသန့်။**

အမည်ဖြည့်စွက်ခြင်း

အဖဦးချစ်ဝင်း၏သမီး ဒေါ်ချိုချိုဝင်း ၁၂/လမန(နိုင်)၀၆၂၈၇၀အား ဒေါ်ချိုချိုဝင်း(ခ)ဒေါ်ခင်ခင်ဆွေဟု ဖြည့်စွက်ခေါ်ပါရန်။

ဒေါ်ချိုချိုဝင်း (ခ) ဒေါ်ခင်ခင်ဆွေ
၁၂/လမန(နိုင်)၀၆၂၈၇၀။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၁၈၀၆၃ ဂျာလင်း JL 90 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝေ ၇/ညလပ(နိုင်) ၀၁၈၁၁၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(ခရိုင်ရုံး)၊ ရွှေဘိုမြို့။**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၆၉၄၁ ယာဉ်လက်ဝယ်ရှိသူ ဦးပြေအေး ၉/မရတ(နိုင်) ၀၀၉၀၃၉ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၅၉၈၂၈ Honda C 90 Custom (CMN) ယာဉ်လက်ဝယ်ရှိသူ ဦးဘတိုး ၉/အမရ(နိုင်)၀၄၃၃၈၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဗေယျာဘုံရပ်ကွက်၊ အကွက်အမှတ်၇၉၆၊ ဦးပိုင်အမှတ်၆၈+၆၇(ခဲစင်း(ပ)/၆၂လမ်း×၆၃လမ်း၊၂၃ လမ်း×၂၄လမ်းကြား၊ မောင်ဘိုးအုံ၊ မောင်ဖြူ အမည်ပေါက် ဘိုးဘွားပိုင်မြေကွက်အား ဦးတင်ဝင်းပါ-၂ မှတ်ပုံတင်အမှတ် ၈/မကန(နိုင်) ၀၃၄၁၇၆ က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဓဉပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်တိုင်းတရားရုံး၌
၂၀၀၇ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၀၅နှင့်ဆက်သွယ်သည့်
၂၀၀၉ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၉

ဒေါ်ကြည်ကြည်ညွန့် နှင့် ၁။ ဦးကုဋ္ဌေမွေးနွယ်
၂။ ဒေါ်ဇာနည်အောင်

တရားနိုင် **တရားရှုံးများ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ သုမဓမ္မာလမ်း၊ အမှတ်(၁၀)၊ မြေညီထပ် (ညာဘက်ခြမ်း)နေ ဦးကုဋ္ဌေမွေးနွယ်နှင့် ဒေါ်ဇာနည်အောင် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၀၅ တွင် ကျရှိသည့် ဒီကရီအပေါ် ရန်ကုန်မြို့တရားရုံးချုပ်၊ တရားမပထမအယူခံမှုအမှတ်-၃၅၄/၀၈ဖြင့် တက်ရောက်ရာတွင် ကျရှိသည့် ဒီကရီအား အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်ကြည်ကြည်ညွန့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၀၉ခုနှစ် မတ် ၁၆ရက် မွန်းလွဲ၁း၀၀ နာရီအချိန်တွင် ဤရုံးသို့ လာရောက်ရမည်။

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်သန်းသန်းအေး
တွဲဖက်တိုင်းတရားသူကြီး(၁၁)
ရန်ကုန်တိုင်းတရားရုံး။

မောင်ဗမာစိန်မောင်နှင့် တပည့်မမြတ်ဆု ဦးစီးသော ကျန်းမာရေးနှင့် ကိုယ်ကာယအလှလေ့ကျင့်ရေးခန်းမ

(အမျိုးသမီးသီးသန့်)

ဝနေသူများ အချိုးကျကျ ပိန်သွားအောင်
ပိန်နေသူများ အချိုးကျကျ ဝလာအောင်
ကျွမ်းကျင်သောနည်းပြများက လူကူစနစ်ဖြင့် လေ့ကျင့်ပေးမည်။
၇-၃-၂၀၀၉ ရက်တွင် သင်တန်းဖွင့်လှစ်ပါမည်။
တိုက်(၃)၊ အခန်း(၇)၊ လှိုင်ရတနာအိမ်ရာ (၉)ရပ်ကွက်၊ သံလမ်းမှတ်တိုင်အနီး၊
ရန်ကုန်-အင်းစိန်လမ်းမကြီး၊ လှိုင်မြို့နယ်၊
ရန်ကုန်-ဖုန်း-၀၉-၅၀-၂၉၁၅၊ ၀၉-၅၀-၆၃၅၉၂၊
၇၂၅၂၂၅၊ ၅၇၉၅၈၀၊ ၀၉-၅၀-၀၉၃၄၃။



ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဋ္ဌဏမဟီရပ်ကွက်၊ အကွက်အမှတ် ၆၃၀၊ ဦးပိုင်အမှတ် ၆၀-ခ၊ ၇၉လမ်း၊ ၃၂လမ်း×၃၃လမ်းကြား၊ ဦးထွန်းပေါ် အမည်ပေါက် ဘိုးဘွားပိုင်မြေကွက်အား ဦးကျော်လွင်(ခ)စုတော့ဟင် မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်) ၀၀၀၈၁၀ က မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း၊ အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မတင်တင်အေး(ခ)မလေး ၁၂/ကမတ (နိုင်) ၀၀၅၀၇၂သည် ကိုသိန်းလွင်ဦး ၁၂/ကယ(နိုင်) ၀၁၃၅၇၅ နှင့် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၂၆-၂-၂၀၀၉ ရက်မှစ၍ အကြင်လင်မယားအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မတင်တင်အေး(ခ)မလေး
၃၄/၂၅၈၊ ပျဉ်းကတိုးလမ်း၊ မ/ဒဂုံ
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နှင်းနှင်းအေး
LL.B,H.G.P, Diploma in IR
အထက်တန်းရှေ့နေ(စဉ်-၂၄၁၅၁)
ဖုန်း-၀၉-၅၁-၉၆၆၅၈။

တရားမပုံစံအမှတ်-၃၇

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

မန္တလေးခရိုင်တရားရုံး တရားမရုံး၌
၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၈၁

ဒေါ်ပူစူး နှင့် ဦးအေး(ခ)ဦးအီစမန်အင် ပါ-၃၃

လျှောက်သူ **အလျှောက်ခံရသူ**
တရားလို **တရားပြိုင်များ**

ဦးမောင်မောင်(ခ)ကုလား(ခ)သဲမောင်၊ အိမ်အမှတ်-ဂ/၃၊ အမှတ်(၃၆၁)၊ ၆၄ လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ တရားပြိုင်ဦးအေးပါ(၃၃)က ဤရုံးသို့ သေဆုံးသူ ဦးမောင်မောင်(ခ) သဲမောင်(ခ)ကုလားအား အမွေဝေစုမှ ဖယ်ထုတ်ပေးရန် အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း၊ အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၀၉ ခုနှစ် မတ် ၃၁ ရက် (၁၃၇၀ ပြည့်နှစ် တန်ခူးလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးမြင့်ဆန်း(တ/၂၀၁၂)
ဒုတိယခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး။

တိုက်ခန်းရောင်းမည်

တာမွေမီးပွိုင့်နှင့် ရွှေဂုံတိုင်အထူးကုဆေးခန်းကြား အရှေ့ရွှေဂုံတိုင်လမ်းမကြီးဘေး အောင်ချမ်းသာအိမ်ရာ

မြေညီထပ် - တစ်ခန်း၊ ပထမထပ် - နှစ်ခန်း
ညှိနှိုင်းဈေးဖြင့်ရောင်းမည်။
စုံစမ်းရန်- ဖုန်း-၀၁-၅၅၄၁၀၀/၃၃၉၊ ၀၉-၅၀-၁၆၃၇၃။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံ အလယ်ရပ်ကွက်၊ အကွက်အမှတ်၆၀၂၊ ဦးပိုင်အမှတ် ၆(ခဲစင်း)၂၆လမ်း×၂၇လမ်း၊၈၃လမ်း×၈၄လမ်းကြား၊ မောင်သန်းမောင်ပါ-၂ အမည်ပေါက် မြေကွက်အား ဒေါ်စိန်ရီ(ခ)ဆိုင်ပုံ မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်) ၀၅၈၄၃၀က အမှုတွဲအမှတ် ၀၄၂၇/ ဘ(ခွဲ၊ပြောင်း)/၂၀၀၈-၂၀၀၉ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၄၅၊ ဦးပိုင်အမှတ် (၃၃.စ+၃၄.ခ)၊ ၈၄လမ်း၊ ၃၅လမ်း×၃၆လမ်း၊ ဆရာဖုံ-ပါ(၂) အမည်ပေါက် မြေကွက်အား ဦးကိုကိုထွေး-ပါ(၃) မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်)၀၆၃၇၈၇ က အမှုတွဲအမှတ် ၀၄၆၄/ဘ(ပြောင်း)၊ ၂၀၀၈-၂၀၀၉ ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ် ၂၅၄ ဦးပိုင်အမှတ် (၅၈.ခ)/၈၆လမ်း×၈၇လမ်း၊ ၃၃လမ်း×လမ်း၃၀ကြား၊ ဦးဘကြွယ် အမည်ပေါက် မြေကွက်အား ဒေါ်ကေသီခိုင် မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်) ၀၆၇၈၂၇က အမှုတွဲ အမှတ် ၀၅၇၄/ဘ(ပြောင်း)၊ ၂၀၀၈-၂၀၀၉ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက် အကွက်အမှတ် ၃၀၇၊ ဦးပိုင်အမှတ် ၄၂/၃၃လမ်း၊ ၈၉လမ်း×လမ်း၉၀ကြား ဦးချစ်ဖေ အမည်ပေါက် မြေကွက်အား ဦးရဲထွန်းအောင်-ပါ(၂) မှတ်ပုံတင်အမှတ် ၉/ခအဇ(နိုင်) ၀၀၀၇၅၇ က အမှုတွဲအမှတ် ၀၅၇၁/ဘ(ပြောင်း)၊ ၂၀၀၈-၂၀၀၉ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများကောင်းမွန်ရေး စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိရာ တောင်ငူမြို့ ဈေးလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးမြင့်လွင်ဦး ဆောင်ရွက်ရာ ဇန်နဝါရီ ၁၉ရက်က တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းလွင်စိုး ကွင်းဆင်းကြပ်မတ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ကြက်၄က်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆက်သွယ်အသိပေးမှု လေ့ကျင့်ရေး အလုပ်ရုံ ဆွေးနွေး

သထုံ ဖေဖော်ဝါရီ ၂၂

ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)သည် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်သည် ကြက်၊ ၄က်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပေးမှု လေ့ကျင့်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက် ၈နာရီက သထုံမြို့နယ် အသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကိုယ်စား ရဲအုပ်ခင်မောင်ဝင်းက အမှာစကား ပြောကြားပြီး **(အပေါ်ယာပုံ)** သထုံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလှထွန်းသိန်းက အလုပ်ရုံဆွေးနွေးပွဲဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ရဲအုပ်ခင်မောင်ဝင်းကဆွေးနွေးပွဲအထောက်အကူပစ္စည်းများကိုပေးအပ်ရာတက်ရောက်သူတစ်ဦးက လက်ခံရယူပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၉ရက်မှ ၁၁ရက်အထိ နေ့စဉ်နံနက် ၈နာရီမှ ညနေ၅နာရီအထိဖြစ်ပြီး ၂၅ဦး တက်ရောက်ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

သဲကုန်းမြို့ ဈေးများတွင် မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်

သဲကုန်း ဖေဖော်ဝါရီ ၂၅

ပဲခူးတိုင်း (အနောက်ပိုင်း) သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများမီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော ဈေးအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဈေးလုံခြုံရေး၊ မီးနှင့် ဈေးဆိုင်ခန်းသုံးမီးကြိုးများ စနစ်တကျသွယ်တန်းခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စုပေါင်းဇာတ်တိုက် သရုပ်ပြလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၄ရက်က ဒုတိယဦးစီးမှူး(အခွန်)ဒေါ်မီမီအောင်နှင့်အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်အား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်

နေပြည်တော် မတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဖေဖော်ဝါရီ ၂၈ရက် ညနေ ၅နာရီတွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ Klai Kangwol Palace သို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ သွားရောက်၍ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်အား ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။

ပြန်လည်နှုတ်ဆက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်က ကြင်ရာတော်မိဖုရားကြီး သီရိခေတ်နှင့် သမီးတော် မင်းသမီးသီရိဒုံတို့နှင့်အတူ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့ အကြီးအကဲတို့အား ခင်မင်ရင်းနှီးစွာ ပြန်လည်နှုတ်ဆက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်နှင့် ကြင်ရာတော်မိဖုရားကြီး သီရိခေတ်၊ သမီးတော် မင်းသမီးသီရိဒုံတို့သည် Klai Kangwol Palace မြက်ခင်းပြင်၌ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့ အကြီးအကဲတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ Klai Kangwol Palace တွင် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်အား ဂါရဝပြု တွေ့ဆုံနှုတ်ဆက်စဉ်။
(သတင်းစဉ်)

(၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့သို့ရောက်ရှိ

နေပြည်တော် မတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် အပီဆစ်ဝဲချာချီဝ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် အာဆီယံမြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဉာဏ်လင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဖေဖော်ဝါရီ၂၇ရက် နံနက်၁၀နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ၁၂နာရီ ၁၅မိနစ်တွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ ဟွာဟင်း Airport သို့ ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်းနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် H.E. Mr. Somsakdi Suriyawongse တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❍

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများသို့ တက်ရောက်ရန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ ဟွာဟင်းလေဆိပ်သို့ ရောက်ရှိရာ ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Chavaral Charnvirakul ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)